

စိတ်ကူးချိုချိုအနုပညာ

# လူတွေရဲ့အကျိုးကို ရှေးရှုပြီးရေးတဲ့ မြန်မာသမိုင်း

၂၀၀၃ တာစု

ဒေါက်တာသန်းထွန်း

mgyoe.com

# လူတွေရဲ့အကျိုးကို ရှေးရှုပြီးရေးတဲ့ မြန်မာသမိုင်း

၂၀၀၃ တာစု

ဒေါက်တာသန်းထွန်း



ISBN9789997111388
DTH6
9 789997 111388
1,600.00KS

mgyoe.com

လူတွေရဲ့အကျိုးကိုရှေးရှုပြီးရေးတဲ့မြန်မာသမိုင်း (၂၀၀၃ စာစု)
ဒေါက်တာသန်းထွန်း

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၈၄၉ ၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၅၈၇ ၀၅၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| | | |
| မျက်နှာဖုံးဓာတ်ပုံ | - | အေအက်စ်တီ |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုမြင့်၊ ညီဝင်းမြင့် |

၉၀၈ ⋅ ၈၄

သန်းထွန်း၊ ဒေါက်တာ
လူတွေရဲ့အကျိုးကိုရှေးရှုပြီးရေးတဲ့မြန်မာသမိုင်း-၂၀၀၃ စာစု
/ ဒေါက်တာသန်းထွန်း။ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊စာမျက်နှာ ၁၃၆ မျက်နှာ၊
၁၄ ⋅၅ စင်တီ× ၂၂ စင်တီ
(၁) လူတွေရဲ့အကျိုးကိုရှေးရှုပြီးရေးတဲ့မြန်မာသမိုင်း
-၂၀၀၃ စာစု

၂၀၁၁၊ ဩဂုတ်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၆၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


◆ အမှာစာ -

◆ သန်းထွန်းအကြောင်း အရိပ်အမြွက် -

၁။ ညောင်ရမ်းနောက်ဆုံးမင်း နှစ်ဆက် ၁

၂။ စာရင်းစာတန်း မရှိစေနှင့် ၅

၃။ ဘယ်သူ့ကြောင့် ဒီလိုဖြစ်ရပါသလဲ ၁၂

၄။ တံဆိပ်ငါးရစ် ၁၇

၅။ စလုံ ၂၅

၆။ ဟံသာဝတီ ဗိသုနိုး ၂၈

၇။ ကက္ကူဘုရားတော် ၃၀

၈။ ကက္ကူဘုရား နှစ်ထောင်ကျော် ၃၅

၉။ ဂျူကု အလွတ်ပညာသင် ပြည့်စွက်ကျောင်း ၃၇

၁၀။ လူတွေရဲ့အကျိုးကို ရှေးရှုပြီးရေးတဲ့ မြန်မာသမိုင်း ၄၁

၁၁။ သမိုင်း၏ သမိုင်း ၆၀

၁၂။ စာဖတ်နည်း ၆၂

၁၃။ ရှေးမြန်မာတို့ ကျောက်ပြားမှာ ရေးထွင်းခဲ့တဲ့ဒီနိုင်း ၆၅


mgyoe.com

mgyoe.com

၁၄။ ဒက္ခိဏာသာခါ ၁၀၉
၁၅။ ကွေ့ ၁၁၃
၁၆။ မြန်မာနိုင်ငံဆိုင်ရာ ဗုဒ္ဓအနုပညာနဲ့ ဗိသုကာလက်ရာ ၁၁၈

❐

mgyoe.com

mgyoe.com

# အမှာစာ

သမိုင်းသုတေသနပညာရှင်ကြီး ဒေါက်တာသန်းထွန်း (၁၉၂၃–၂၀၀၅)ရဲ့ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ရေးသားခဲ့တဲ့ စာတမ်းတွေ၊ ဆောင်းပါးတွေကို စုစည်းစီစဉ် ထုတ်ဝေဖို့ သင့်တယ်လို့ ယူဆတဲ့အလျောက် သူ့ရဲ့စာမူတွေကို နှစ်အလိုက် စာစုစာရင်းတွေကတစ်ဆင့် စုံလင်နိုင်သမျှ စုံလင်အောင် စုဆောင်းခဲ့ပါတယ်။ အတော်များများရရှိပြီး တချို့လည်း ဆက်ပြီးရှာဖွေဖို့ ကျန်နေသေးတာပေါ့။

စပြီးထုတ်တော့မယ်လို့ စီစဉ်တဲ့အခါကျမှ စာမူအားလုံး ကောက်သင်း မကောက်နိုင်သေးတဲ့ ကျွန်တော်တို့ရဲ့အားနည်းချက်ကြောင့် အကြောင်းအရာ တူတွေ စုထုတ်ဖို့ မဖြစ်နိုင်သေးတာ သွားတွေ့ရပါတယ်။ မမှီတဲ့ပန်း လှမ်းချင်တယ်ပဲဆိုဆို စီစဉ်သူများရဲ့ စိတ်သဘောထားက အားလုံးပြည့်စုံမှ လုပ်ကြဖို့ဆိုရင် မလုပ်ဖြစ်ကြတာ၊ စိတ်ကူးတွေ လေထဲလွင့်သွားတာ ဖြစ်တတ်လွန်းတော့ ဒီအဆင့်မှာပဲ ဒီအလုပ်ကို နိုင်သရွေ့က စလိုက်ချင်ကြပြီ။

ဒါကြောင့် အဆင်ပြေနိုင်ဆုံးကိုစဉ်းစားတော့ နှစ်အလိုက် စာစုစာရင်းတွေကို အခြေခံပြီး နှစ်အလိုက် စာစုတွေပဲ ထုတ်လိုက်ရင် ပထမအဆင့် ဖြစ်နိုင်မယ်လို့ တွေးပါတယ်။ လုံးချင်းဖြစ်ပြီးသွားတာတွေတော့ ချန်ခဲ့ရတာပေါ့။ ပြီးတော့ လက်လှမ်းမမှီ၊ ရှာမတွေ့သေးတာဆိုလည်း နောက်အတွဲတွေမှာ ဖြည့်စွက်ချက်ဆိုပြီး ထပ်ထည့်ဖို့ လျာထားတယ်။ ပရုဖ်တွေအကြိမ်ကြိမ် ဖတ်ပေမယ့် မှားယွင်းသွားတာတွေလည်း ပြင်ဆင်ချက်ဆိုပြီး ထည့်ရမှာပါပဲ။

mgyoe.com

mgyoe.com

ဆရာကြီးရဲ့ သုတေသနလုပ်ငန်းတွေမှာ ပါဝင်ခဲ့သူတွေ လက်တွဲကူညီခဲ့သူတွေ၊ ဆရာကြီးရှိစဉ် ပညာအရိပ်ခိုခဲ့ရသူတွေ၊ ဆရာကြီးအကြောင်း ကျွန်တော်တို့ထက်ပိုပြီး လေးလေးနက်နက် ချဉ်းကပ်ဖြစ်သူတွေရဲ့ အကြံဉာဏ်တွေ၊ ဖြည့်စွက်ချက်တွေ၊ ကျွန်တော်တို့ကို ကူညီပံ့ပိုးရှာဖွေပေးမယ့် စာမူလက်ကျန်တွေကိုတော့ လေးလေးစားစား မွတ်မွတ်သိပ်သိပ် မျှော်လင့်ကိုးစားလျှက် ရှိပါတယ်။ နောက်ဆက်ထွက်မယ့်နှစ်အလိုက် စာစုတွေထဲမှာ ဝိုင်းပြီး ပြင်ကြဖြည့်ကြ လုပ်ပေးကြမယ်လို့လည်း ယုံကြည်ပါတယ်။ အခုထွက်သွားပြီးတာ ၂၀၀၂ စာစုပါ၊ အခု ၂၀၀၃ စာစုကို ဆက်လက်ထုတ်ဝေပါတယ်။

သုတေသနလုပ်ငန်းများ ထွန်းကားပါစေ။
သမိုင်းအချက်အလက်များ မှန်ကန်အောင် တည်ဆောက်နိုင်ပါစေ။

စိတ်ကူးချိုချို

❐

mgyoe.com

mgyoe.com



# သန်းထွန်းအကြောင်း အရိပ်အမြွက်

၆ ဧပြီ၊ ၁၉၂၃ မှာ မွေးတဲ့ သန်းထွန်းက ရန်ကုန်တက္ကသိုလ်ကပေးတဲ့ ပထမဘွဲ့ ဝိဇ္ဇာ၊ ဒုတိယဘွဲ့ ဝိဇ္ဇာဂုဏ်ထူး (သမိုင်း)၊ တတိယဘွဲ့ မဟာဝိဇ္ဇာ (သမိုင်း)၊ စတုတ္ထဘွဲ့ ဥပဒေဝိဇ္ဇာ၊ လန်ဒန်တက္ကသိုလ်ကပေးတဲ့ Ph.D နဲ့ D.Lit များကို မြန်မာနိုင်ငံ ရှေးဟောင်းသမိုင်းနဲ့ဆိုင်တဲ့ အထောက်အထားတွေ အသုံးပြုပြီး ကျမ်းတွေ၊ စာတမ်းတွေ ပြုစုရေးသားတဲ့အတွက် ရရှိခဲ့ပါတယ်။ (ဂုဏ်ထူးဆောင်ပေးသောဘွဲ့များ မဟုတ်ပါ။)

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာ အချိန်ပိုင်းနည်းပြက ကထိကအထိ တစ်ဆယ့်ရှစ်နှစ် အမှုထမ်းပြီးနောက် မန္တလေးတက္ကသိုလ်မှာ သမိုင်းပါမောက္ခအဖြစ် တစ်ဆယ့်ရှစ်နှစ် အမှုထမ်းပါတယ်။ စာသင်ကြားပို့ချရေးကို ပေါ့ပေါ့တန်တန် လုပ်ပြီး သုတေသနကို လေးလေးနက်နက် လုပ်ပါတယ်။ ဒါနဲ့တောင် အလုပ်မပြုတ်ဘူးလို့ အံ့ဩသူတွေ ရှိပါတယ်။

သုတေသနရောင်းရင်းအဖြစ် ကျိုတိုတက္ကသိုလ်၊ တိုကျိုနိုင်ငံခြားဘာသာသင်တက္ကသိုလ်၊ တိုကျိုခရစ်သာသနာဝင်တက္ကသိုလ်၊ မြောက် အီလီနွိုက်တက္ကသိုလ်၊ မစ်ချီဂန်တက္ကသိုလ်တွေမှာ အစုစု ရှစ်နှစ်မျှ အမှုထမ်းခဲ့ပါ

mgyoe.com

mgyoe.com
တယ်။ ခရစ်နှစ်၊ နှစ် ၂၀၀၀ မှာ ဖုကုအိုကာ ပညာရှင်ဆုကို ရခဲ့လို့ သမိုင်းသုတေသနလုပ်ငန်းကို အများကြီး ပွားများလုပ်ကိုင်ခွင့် ရခဲ့ပါတယ်။

အခု အသက် ၈၁ မှာ အိုနာကလွဲလို့ တခြား ဘာရောဂါမှမရှိ၊ ရှေးကအတိုင်း သုတေသနကို လုပ်မြဲဖြစ်ပါတယ်။ တက္ကသိုလ်တွေက ကူညီပြီး သင်ကြားပေးဖို့ ခိုင်းကြလို့ စိတ်ဆင်းရဲနေပါတယ်။ ရှောင်နိုင်ဖို့လည်း အားပြုဆဲ ဖြစ်ပါတယ်။

ဇနီး ဒေါ်ခင်ရီ၊ သမီး မဥ္ဇူတို့နဲ့ မြန်မာနိုင်ငံ ရန်ကုန်မြို့တော် လှိုင်မြို့နယ်၊ ရပ်ကွက် ၁၁၊ ယောဂီကျောင်းလမ်း၊ အိမ်နံပါတ် ၁၅၅ (က)မှာ နေထိုင်ပါတယ်။

ကိုယ်ရှာဖွေတွေ့ရှိတဲ့ အသိသစ်ကို သူတစ်ပါးကိုလည်း အသိပေးဖို့ လိုတဲ့အတွက် စာရေးပါတယ်။ စာရေးဆရာ မဟုတ်ပါ။

သန်းထွန်း
၂၀၀၄၊ ဧပြီ၊ ၁–၁၅၊
ခေတ်ဆန်းဂျာနယ်၊ အမှတ် ၇/၀၄။

❐

mgyoe.com

mgyoe.com

# ညောင်ရမ်းနောက်ဆုံးမင်း နှစ်ဆက်

တနင်္ဂနွေမင်း သီရိပဝရ မဟာဓမ္မရာဇာဓိပတိ (၁၇၁၄–၁၇၃၃)နဲ့ စဉ့်ကူးမင်း မဟာဓမ္မရာဇာဓိပတိ (၁၇၃၃–၁၇၅၂)တို့ လက်ထက်တွေမှာ မဏိပူရအရေး၊ ဟံသာဝတီအရေးနဲ့ ကွေ့အရေးဆိုပြီး ဖြေရှင်းမနိုင်တဲ့ အရေးသုံးပါးကို ကြုံတွေ့ကြရပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ မင်းရဲ့သြဇာ ကျဆင်းပြီး အုပ်ချုပ်ရေးပျက်ပြားတာက အခြေခံအကြောင်းရင်း ဖြစ်ပါတယ်။

တနင်္ဂနွေမင်း နန်းရတဲ့အခါ ဘထွေးတော်တွေဖြစ်တဲ့ ပုဂံမင်းနဲ့ တောင်ငူမင်းတို့က ပုန်ကန်ပါတယ်။ သူပုန်ကို နှိမ်နင်းဖို့ တပ်ပေါင်း ၄၀၊ ဆင် ၁၀၀၊ မြင်း ၁၀၀၀၊ စစ်သည် ၄၀၀၀၀ လွှတ်တယ်။ ပုဂံမင်း ထွက်ပြေးပြီး တောင်ငူမင်းက အညံ့ခံတယ်။

တနင်္ဂနွေမင်းလက်ထက် ထင်ရှားတဲ့အကြောင်းအရာတစ်ခုက ရာဇဝင်ကြီးကို စဉ့်ကိုင်သူဌေးသား မောင်ကုလားက ပြုစုတယ်။ မြန်မာစကားပြေ အရေးအသားကောင်းတယ်လို့ ချီးကျူးကြတယ်။

ရှင်ဘုရင်ရဲ့ ကောင်းမှုကုသိုလ်တွေက–

၁။ ခမည်းတော် စနေမင်း (၁၆၉၈–၁၇၁၄) ပလဲပ အရပ်မှာ တည်ခဲ့တဲ့ စေတီကို ရွှေလုံးတော်ပြည့်ကပ်လှူပြီး ရွှေထီးတင်လှူတယ်။ ပြီးတော့

mgyoe.com

mgyoe.com

လောကမာန်အောင်လို့ ဘွဲ့အမည်ပေးတယ်။

၂။ ၁၇၁၇ မှာ မှန်စီကျောင်း ဆောက်ပြီး ချင်းတွင်းရွာ၊ ဆရာတော် ဂုဏာဝိန္ဒ ရာဇဂုရုကို တင်လှူတယ်။

၃။ ၁၇၁၈ မှာ ဦးနက်ချောင်းနားစေတီနဲ့ကျောင်း၊ စစ်ကိုင်း ရှင်လှ ပဋ္ဌမာလိန်ဘုရားနဲ့ စောင်းတန်းသုံးသွယ်၊ လောကဒုသသမာရ်အောင်စေတီ၊ တောင်လေးလုံး သာထွန်းဦးဘုရား၊ ဂန္ဓမာဒနတောင် ဇေတိရသ မာန်အောင်ဘုရားတွေကို တည်တယ်။

၄။ ၁၇၂၀ ပြည့်နှစ်မှာ မိုးထိကျောင်းဆောက်ပြီး ရှင်အနန္တဓဇ ဆရာတော်ကို တင်လှူတယ်။ ရှင်ဖြူရှင်လှရင်ပြင်တော်ပေါ်မှာ မှန်စီ ရွှေချ ဇရပ်ကြီး ဆောက်တယ်။

၅။ ၁၇၂၅ မှာ စစ်ကိုင်းမြစ်ဆိပ် သောတာပန်အရပ်မှာ ကျောက်ဖြူ ဆင်းတုကြီး ထုလုပ်ပြီး လောကမာရ်အောင်လို့ ဘွဲ့တပ်တော်မူတယ်။

၆။ ၁၇၂၆ မှာ အမြင့်မြို့ မံဘုရားကြီးကို ထီးတင်တော်မူတယ်။ လောကသရဖူဘုရားကို တည်တယ်။

၇။ ၁၇၃၁ မှာ စကျင်တောင်က သလင်းကျောက်ဖြူကြီးကို ဆင်းတုတော်လုပ်ပြီး အုတ်ပြသဒ်နဲ့ ထားတယ်။

၈။ ၁၇၃၂ နန်းတော်သစ်တောင်ဘက်မှာ ဝဏ်ဘာတောင်လေးလုံးစေတီနဲ့ မှန်စီကျောင်း ဆောက်တယ်။

၉။ နယုန်လရောက်တိုင်း စာမေးသဘင်ပြုတော်မူတယ်။ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ယမိုက်၊ ပဌာန်း၊ ဉာသ်၊ ဋီကာတိုင်အောင် ပြန်ဆိုနိုင်ရင် ပထမကျော် သမုတ်တယ်။ ဘွဲ့ရပဥ္စင်းသာမဏေရဲ့ ဆွေမျိုးတွေကို မြင်းသေ့သောက်စုမှာ ထည့်တယ်။

၁၀။ ပိဋကသုံးပုံကို မင်အက္ခရာရေးစေပြီး ပိဋကတိုက်တော်မှာ ထားပြီး ကိုးကွယ်တယ်။

ကသည်းဘုရင် ဂါရစ်နာဝါစ်က ၁၇၂၃ မှာ သမီးကညာ ဆက်မယ်လို့ သံစေပြီး လှော်ကထားတယ်။ သမီးကညာကို ကြိုယူဖို့ လူ ၃၀၀ ခန့်ကို ဖောင်ပန်းလှေတက်တွေနဲ့ ရှူးဝကို လွှတ်လိုက်တယ်။ ကသည်းဘုရင်က အကြိုလာသူတို့ကို ဖမ်းဆီးသတ်ဖြတ်တယ်။ သောင်းသွပ်မြို့ကိုလည်း

mgyoe.com

mgyoe.com


သိမ်းယူတယ်။ တနင်္ဂနွေမင်းက ၁၈ နိုဝင်ဘာ၊ ၁၇၂၄ မှာ ပဋ္ဌနဂိုရ်စားမင်းရဲသီဟကျော်ကို ဗိုလ်မှူးခန့်ထားပြီး ဆင် ၅၀၊ မြင်း ၃၀၀၀၊ စစ်သည်သူရဲ ၃၀၀၀၀ ကို စေလွှတ်တယ်။ မင်းရဲသီဟကျော်တို့ ချင်းတွင်းမြစ်ကို ကူးမိပြီဆိုတဲ့အခါ ကသည်းတွေက ခံစစ်မလုပ်ဘဲ မြို့ရွာက ထွက်ပြေးတိမ်းရှောင်နေကြတယ်။ လမ်းခရီးကြမ်းလို့ စစ်သည်တော်တွေ ကျောက်ဝက်သက်အဖျားအနာ နှိပ်စက်လို့ မင်းရဲသီဟကျော် တပ်ခေါက်ပြီး ပြန်ခဲ့တယ်။ ဘုရင်က စစ်အပြီးမသတ်နိုင်ဟု အမျက်ထွက်၍ မင်းရဲသီဟကျော် အပြစ်ပေးခံရတယ်။

တနင်္ဂနွေမင်းလက်ထက် ဇင်းမယ်က ပုန်ကန်တယ်။ ၁၇၂၂ ခုနှစ် ဇင်းမယ်မြို့ဝန်ဖြစ်တဲ့ မင်းရဲနော်ရထာ၊ ၎င်းကိုဆက်ခံတဲ့ မြေနဲမြင်းမှူး၊ ၎င်းနောက် နန္ဒပတော့ စတဲ့လူတွေက 'ငွေကြေးစားယူကာ ဇင်းမယ်သူဇင်းမယ်သားတို့ကို နှိပ်စက်ညှဉ်းပန်းသဖြင့်' သူတို့ကို သတ်ဖြတ်ပြီး ခနဒိဗ္ဗကို မင်းမြှောက်ကြတယ်။ ဇင်းမယ်ပုန်ကန်တာကို တနင်္ဂနွေမင်း ကြားတဲ့အခါ ၃၀ စက်တင်ဘာ၊ ၁၇၃၀ မှာ မြို့သစ်စား မင်းရဲရန္တသူကို ဗိုလ်မှူးခန့်ပြီး တပ် ၁၇၊ ဆင် ၅၀၊ မြင်း ၁၀၀၀၊ စစ်သည် ၁၀၀၀၀ တို့ကို စေလွှတ်တယ်။ ဇင်းမယ်သားတို့ မြို့ကို အခိုင်အလုံ ပြုလုပ်ခံတဲ့အတွက် မအောင်မြင်။ ၁၇၃၁ တွင် တပ်သစ်တွေ စေလွှတ်ပေမဲ့ မအောင်မြင်။ အဲဒီအချိန်ကစပြီး ကုန်းဘောင်ခေတ်ဦးတိုင်အောင် လွတ်လပ်တဲ့ နိုင်ငံအဖြစ်သို့ရောက်ရှိခဲ့တယ်။ တနင်္ဂနွေမင်းဟာ ၃ နိုဝင်ဘာ၊ ၁၇၃၃ မှာ နတ်ရွာစံတယ်။ သားတော် မဟာဓမ္မရာဇာဓိပတိ အရိုက်အရာကို ဆက်ခံတယ်။ အရည်အချင်း ညံ့တဲ့ ငယ်ဆရာ ရာဇနန္ဒကို အုပ်ချုပ်ရေးအာဏာ အပ်နှင်းမိသဖြင့် တိုင်းရေးပြည်မှု အစီအမံလျော့ကျ ညံ့ဖျင်းရတယ်။

မှူးကြီးမတ်ကြီး အနီးအဝေး ပေးတော်မူသည်မှာလည်း အရည်အချင်း အရင်းအမြစ် စိစစ်တော်မူလေ့မရှိ (အုပ်၊ ၂၊ ၁၂၀)လို့ မှတ်ချက်ချတာ ခံရတယ်။

ပြည်ထဲအရေး၌ ကိုယ်တော်တိုင် စိစိစစ်စစ် မြစ်မြစ်ခြေခြေ ဝေဖန်ခွဲခြမ်းတော်မူလေ့မရှိ။ အပျော်အရွှင် သဘင်မှုနှင့်သာ အလျော့အမေ့ နေလေ့ရှိတော်မူသည် (ကုန်း ၁၊ ၂၁)။

mgyoe.com

mgyoe.com


ပွဲသဘင်များမှာ–

တန်ခူးလတွင် ရေဖြန်းသဘင်နှင့် နှစ်သစ် ကန်တော့ဇာတ်သဘင်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ နယုန်လတွင် စာမေးသဘင်၊ ဝါဆိုတွင် ပဥ္စင်းခံရှင်ပြု၊ ဝါခေါင်တွင် စာရေးတံသဘင်၊ တော်သလင်းတွင် လှေပွဲသဘင်၊ သီတင်းကျွတ်လတွင် ဆီးမီးမြင်းမိုရ်သဘင်နှင့် ဝါကျွတ်ကန်တော့ လက်ဆောင်တော် ဆက်ပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း အလှူတော်၊ ကြာသင်္ကန်း၊ တန်ဆောင်တိုင်နှင့် နက္ခတ်သဘင်၊ နတ်တော်လတွင် ဆင်ပွဲသဘင်၊ မြင်းဖမ်းသဘင်၊ ပြာသိုလတွင် မြင်းခင်းသဘင်၊ တပို့တွဲလတွင် ယာဂုနှင့် မီးပုံသဘင်၊ တပေါင်းလတွင် ဘုရားပွဲတော်သဘင်များကို ပြုလုပ်စေတယ်။ အလှည့်ကျ ပျော်ပါးခါသာ စံနေတော်မူတယ်။ (ရီရီ ၁၉၇၅၊ ၂၂)။

ပြည်တွင်း၌ ရာသီဥတု ဖောက်ပြားလို့ လယ်ယာကိုင်းကျွန်း အလုပ်အဆောင် ပျက်ကွက်တယ်။ ဆန်ရေစပါး ရှားပါးတယ်။ ၁၇၅၂ မှာ အခြေအနေ အဆိုးဆုံး ဖြစ်ပါတယ်။

၂၀၀၃၊ ဇန်နဝါရီ၊
ကလျာမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

# စာရင်းစာတန်း မရှိစေနှင့်

တနင်္ဂနွေမင်း (၁၇၁၄–၁၇၃၃)က စနေမင်း (၁၆၉၈–၁၇၁၄) အရိုက် အရာကို ၁၁ ဩဂုတ်၊ ၁၇၁၄ မှာ ဆက်ခံတယ်။ ရှင်ဘုရင်အဖြစ် ခံယူတဲ့ ဘွဲ့က သီရိပဝရဓမ္မရာဇာဓိပတိဖြစ်တယ်။ ညီအစ်မသုံးပါးဖြစ်တဲ့ မဟာ မင်္ဂလာဒေဝီ၊ သီရိဒေဝီနဲ့ နန္ဒာဒေဝီတို့ကို မိဖုရားမြှောက်တယ်။ ယောက္ခမ တော် တွင်းသင်းမှူးကြီး သီရိဇေယျနော်ရထာကို စစ်သူကြီးခန့်တယ်။ အဲဒီလို နန်းတက်ချိန်မှာပဲ ဘုရင်သစ်ရဲ့ ဘထွေးတော်ပုဂံမင်းက ပုန်ကန်တယ်။ ပုဂံမင်းကို ယော၊ ဆော၊ လောင်ရှည် စတဲ့ အနောက်တစ်လွှား၊ ပြည်၊ တောင်ငူ စတဲ့ အောက်တစ်လွှားကို သိမ်းသွင်းပြီး အထက် တလုပ်မြို့အဝင် ကုက္ကဲနဲ့ ရွာသာအထိ လာရောက်တိုက်ခိုက်တယ်။

တောင်ငူမင်း နေမျိုးဒတ္တက ပုဂံမင်းကို ကူဖို့လာတဲ့အခါ တနင်္ဂနွေ မင်းရဲ့အမတ် နေမျိုးသခ်ယာက ဆီးဆို့တိုက်ခိုက်လို့ တောင်ငူတပ်ပျက် တယ်။ အဲဒီနောက် တနင်္ဂနွေမင်းက ဆင် ၁၀၀၊ မြင်း ၁၀၀၀၊ စစ်သည် ၄၀၀၀၀ နဲ့ မင်းရဲသီဟကျော်ကို ဗိုလ်မှူးခန့်ပြီး ပုဂံကို သွားတိုက်စေတယ်။ ပုဂံမင်းကလည်း တပ်လှတ်ထားတယ်။ ဧရာဝတီ ချင်းတွင်းမြစ်ဆုံမှာ တိုက် ခိုက်ကြတဲ့အခါ ပုဂံ တပ်ပျက်တယ်။ အဲဒီတိုက်ပွဲမှာ မင်းရဲသီဟကျော်က

mgyoe.com

mgyoe.com

ထမ်းစင်စီးပြီး ကွပ်ကဲတယ်လို့ သိရတယ်။ ဆင်ပေါ်၊ မြင်းပေါ်၊ လှေပေါ်က စစ်တိုက်ကြတာ မဆန်းပါ။ ပြီးတော့ စစ်နိုင်တဲ့အခါ ရှုံးလို့ပြေးသူတွေကို နောက်က ဖိဖိစီးစီးလိုက်ပြီး မထိုးမသတ်တဲ့အတွက် ရှင်ဘုရင်က မင်းရဲ သီဟကျော်ကို နောင်အခါ အပြစ်ပေးပါတယ်။

ပုဂံမင်းကတော့ အခြေအနေကို အကဲခတ်ပြီး ပုဂံမြို့မှာတောင် မနေ ဝံ့ဘဲ ဖောင်နဲ့ မြစ်ကိုစုန်ပြီး ထွက်ပြေးပါတယ်။ ပြည်ကို ရောက်ခါနီးတော့ ဖောင်ကတက်ပြီး ဘယ်ကိုထွက်သွားမှန်းမသိ၊ ရှာမရတော့ပါ။ အဲဒါကြောင့် ပုဂံမင်းကို (ပုဂံပျောက်)လို့ ခေါ်ကြပါတယ်။ ပုဂံတပ်ကို နိုင်လိုက်တဲ့ အတွက် ပုန်ကန်မယ့်မင်းတွေ လန့်ပြီး တောင်ငူမြို့ဝန် နေမျိုးဒတ္တက 'အကြည်အသာ' ဝင်လာတယ်။ ဒါပေမဲ့ ရှင်ဘုရင်က မယုံကြည်ဘူးဆိုပြီး နေမျိုးဒတ္တကို ကွပ်မျက်လိုက်ပါတယ်။ ပုဂံမင်းကို ကူဖို့ချီလာတဲ့ ပြည် ဟံသာဝတီတပ်တွေက ပုဂံတပ် ပျက်ပြီလို့ကြားတော့ တနင်္ဂနွေမင်းတပ်တွေ သိမ်းထားတဲ့ ပုဂံကိုပဲ ဝင်လာကြပါတယ်။

တိုင်းရေးပြည်ရေးတွင် အထောက်အကူရဖို့ သားတော်စဥ့်ကူးမင်းကို ၂၁ ဧပြီ၊ ၁၇၃၀ မှာ အိမ်ရှေ့အရာ ပေးတော်မူတယ်။ စာပေဘက်မှာ မှတ် တိုင်တစ်ခုဖြစ်တဲ့ 'မဟာရာဇဝင်'ကို မောင်ကုလားက တနင်္ဂနွေမင်း လက် ထက်မှာ ရေးသားပြုစုခဲ့တယ်လို့ သိရပါတယ်။ အသင့်အတင့် ပြည့်စုံ တယ်။ ကျဲပြန့်နေတဲ့ ဒေသ သမိုင်းတွေကို ပထမဆုံးအကြိမ် စုစည်းပြီး ပေးခဲ့တဲ့အတွက် အများကြီးအရေးပါတဲ့ ကျမ်းဖြစ်တယ်လို့ ဆိုရမယ်။ မြန်မာစကားပြေ အရေးအသားကောင်းတယ်လို့လည်း သတ်မှတ်ထားပါ တယ်။

ကြီးကျယ်တဲ့ ရေဘေး၊ မီးဘေး၊ ငလျင်ဘေးတွေလည်း ကြုံရတဲ့ ခေတ်အခါ ဖြစ်ပါတယ်။ ဩဂုတ် ၁၇၁၄ က ရေအလွန်ကြီးတယ်။ အဲဒီနှစ် မှာပဲ လျှင်ပြင်းပြင်းကြီးလှုပ်လို့ ကျောင်းဘုရား ပြိုပျက်တယ်။ ၃၁ ဇန်နဝါ ရီ၊ ၁၇၂၀ မှာ မီးကြီးလောင်လို့ နန်းတော်ပါ မီးလောင်သွားတယ်။ ၁၇၃၁ မှာ အဝမြို့တော် အရှေ့မြောက်ထောင့် ပေါက်ပေါက်သည်ရပ်ကို ရေတိုက်စား လို့ ပြိုပျက်သွားပါတယ်။

တိုင်းပြည်ကို အုပ်ချုပ်တဲ့မင်းကတော့ ကုသိုလ်ကောင်းမှုတွေ လုပ်ပါ

mgyoe.com

တယ်။ အထက်ထက်က တည်ထားခဲ့တဲ့ စေတီတွေကို ရွှေလုံးပြည့်ချတယ်။ ထီးတင်တယ်၊ ၁၇၁၇ မှာ မှန်စီကျောင်းကြီးဆောက်ပြီး ချင်းတွင်းဆရာတော်ကို ဂုဏဝိန္ဒရာဇဂုရုလို့ ဘွဲ့တံဆိပ် ဆက်ကပ်တယ်။ လောကမာန်အောင် ဘုရားပွဲတော်ကြီးကို ၁၇၁၈ မှာ ကျင်းပတယ်။ ဦးနက်ချောင်းနားမှာ စေတီနဲ့ ကျောင်း တည်တယ်။ စစ်ကိုင်းရှင်လှ ပဋ္ဌမာလိန်ဘုရားမှာ စောင်းတန်းသုံးသွယ် လုပ်တယ်။ တောင်လေးလုံးမှာ သာထွန်းဦးဘုရား၊ ဂန္ဓမာဒနတောင် ဇောတိသရ မာန်အောင်ဘုရားတွေကိုလည်း ထီးတင်တယ်။ ၁၇၂၀ ပြည့်မှာ မိုးထိကျောင်းကို အောင်မြေစံလွတ်လို့ အမည်တပ်ပြီး ပြင်ဆင် မွမ်းမံတယ်။ ရှင်ဖြူရှင်လှ ဘုရား ကျောင်းတော် အသစ် ပြုလုပ်ရတယ်။ ဘုရားရင်ပြင်မှာ မှန်စီရွှေချဇရပ်ကြီး ဆောက်တယ်။

၁၇၂၅ စစ်ကိုင်းမြစ်ဆိပ် သောတာပန်ရပ်မှာ ကျောက်ဖြူဆင်းတုကြီး ထုလုပ်ပြီး လေးကျွန်းမာန်အောင်လို့ ဘွဲ့တပ်တယ်။ ၁၇၂၆ မှာ အမြင့်မြို့မှာ မံဘုရားကြီးကို ထီးတင်တယ်။ ၁၇၃၀ ဧပြီလမှာ လောကသရဖူဘုရားကို စတင်တည်ဆောက်တယ်။ ၁၇၃၁ ခုနှစ်မှာ စကျင်တောင်က သလင်းကျောက်ဖြူကြီးကို ဆင်းတုတော်ထုလုပ်ပြီး ရွှေအုတ်ပြာသာဒ်နဲ့ ထားတယ်။ ၁၇၃၂ မှာ နန်းတော်သစ် တောင်ဘက်မှာ ဝဏ်ဘာ တောင်လေးလုံးစေတီနဲ့ မှန်စီကျောင်း ဆောက်တယ်။

တနင်္ဂနွေမင်းဟာ နယုန်လရောက်တိုင်း ပဥ္စင်းလောင်း၊ ရှင်လောင်းတွေကို မာန်အောင်ရတနာ ဇရပ်မှာ စာမေးသဘင် လုပ်စေတယ်။ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ယမိုက်၊ ပဋ္ဌာန်း၊ ဉာဉ်၊ ဋီကာအထိ ပြန်ဆိုနိုင်ရင် ပူဇော်ပွဲတွေပေးပြီး ပထမကျော်ဘွဲ့ပေးတယ်။ ဆရာတော်တွေကို ဘွဲ့တံဆိပ်ဆက်ကပ်တယ်။ ရဟန်းကျောင်းတွေမှာလည်း သင်္ကန်း၊ ပရိက္ခရာ၊ ဆန်၊ ဆား၊ ငပိမပြတ်လှူတယ်။ တစ်လ လေးသီတင်းမှာ ဆရာတော်ကြီးတွေနဲ့ တရားဆွေးနွေးတယ်။ ဖွားတော်ရက်ရောက်တိုင်း ရွှေနန်းတော်ဦး ပြာသာဒ်ဆောင်၊ ဝင်းတော်လေးမျက်နှာ၊ မြို့တံခါး၊ ပြအိုးတွေမှာ ဆရာတော်တွေကို ပရိတ်ရွတ်စေတယ်။ ဆွမ်းကပ်လှူတယ်။ ဟံသာဝတီ၊ ဒဂုံ၊ သံလျင်၊ မဒမ၊ ရေး၊ ဒဝယ်ဆိုတဲ့ အဝေးမြို့ကြီးတွေမှာ သီတင်းကျွတ်လရောက်တိုင်း ပရိက္ခရာစုံ၊ ထီး၊ တံခွန် တံဆောင်တွေ လှူတယ်။ ပိဋကသုံးပုံကိုလည်း မင်နဲ့ ရေးကူးစေ

mgyoe.com

mgyoe.com

တယ်။ ပိဋကတိုက်တော်တွေ တည်ဆောက်စေတယ်။

ကသည်းဘုရင် ဂါရစ်နာဝါစ်က ၁၇၂၃ မှာ အထက် စနေမင်းလက်ထက်က အဝမင်းကို သမီးကညာ ဆက်ဖူးတဲ့အတိုင်း အခုလည်း သမီးကညာ ဆက်ပါ့မယ်၊ ကြိုယူပါလို့ အကြောင်းကြားတယ်။ လူ ၃၀၀ လွှတ်တဲ့အခါ အားလုံးဖမ်းယူပြီး သတ်တယ်။ သောင်းသွပ်မြို့ကို တိုက်ခိုက်သိမ်းယူတယ်။ စန္ဒာမြစ် တစ်ဖက်ကမ်းကိုလည်း သိမ်းတယ်။ အဲဒါတွေကြောင့် တနင်္ဂနွေမင်းက ပဥ္စနဂိုရ်စား မင်းရဲသီဟကျော်ကို ဗိုလ်မှူးခန့်ပြီး ဆင် ၅၀၊ မြင်း ၃၀၀၀၊ ဗိုလ်ပါ ၃၀၀၀၀ နဲ့ ၁၈ နိုဝင်ဘာ၊ ၁၇၂၄ မှာ ကသည်းစစ်ကို ချီစေတယ်။ တပ်တော် ချင်းတွင်းမြစ်ကို ကူးမိတဲ့အခါ ကသည်းဘုရင်က ကသည်းမြို့မှာ မနေဝံ့လို့ ထွက်ပြေးတယ်။ ဒါပေမဲ့ မြန်မာတပ်ကို ကသည်းတပ် တချို့က နဂါးကျစ်မှာ ပရိယာယ်ဆင်ပြီး ချုံခိုတိုက်ခိုက်လို့ မြန်မာတပ်မှူး ဗွယ်ယယော်ဓာ၊ စက္ကယော်ဓာ၊ ဗွယ်ယသမန်တို့ တပ်ပျက်ပြီး အဖမ်းခံရတယ်။ ဗိုလ်မှူး မင်းရဲသီဟကျော်က ရှေ့ချီတပ် သုံးတပ်စလုံးပျက်လို့ ရှေ့မချီတော့ဘဲ တပ်ဆုတ်ခဲ့လို့ အပြစ်ပေးခံရတယ်။

တနင်္ဂနွေမင်းကို ဇင်းမယ်ကလည်း ပုန်ကန်တယ်။ ပုန်ကန်ရတဲ့အကြောင်းကို စစ်ဆေးကြည့်တဲ့အခါ ဇင်းမယ်မှာ ခန့်ထားတဲ့ မြန်မာအရာရှိတွေ ညံ့လို့ဖြစ်တယ်။ ညံ့တယ်ဆိုရာမှာ အုပ်ချုပ်ရေးကို ဂရုမစိုက်၊ ငွေကြေးစားယူပြီး ဇင်းမယ်ပြည်သူတွေကို နှိပ်စက်ညှဉ်းပန်းတာ ဖြစ်ပါတယ်။ မြန်မာမြို့ဝန်၊ စစ်ကဲ၊ နားခံတွေကို သတ်ပြီး ခနဒိဗ္ဗကို မင်းမြှောက်ကြတယ်။ ၃၀ စက်တင်ဘာ၊ ၁၇၃၀ မှာ မင်းရဲရန္တသူကို ဗိုလ်မှူးခန့်ပြီး တပ်ရံ ၁၇၊ ဆင် ၅၀၊ မြင်း ၁၀၀၀၊ သူရဲ ၁၀၀၀၀ နဲ့ ဇင်းမယ်ကြောင်း ချီစေတယ်။ ဇင်းမယ်မြို့တွင်းက ခုခံအားကောင်းလို့ မြို့ကို မရနိုင်ဟု အားလျှော့ပြီး ပြန်လာကြတယ်။ ဘုရင်က လမ်းမှာ ဆီးကြိုပြီး သတ်စေတယ်။ ဒီသတင်း ပေါက်ကြားတဲ့အတွက် တပ်မှူးတွေ ဆေးစားပြီး သေကြတယ်လို့ သိရတယ်။ ၁၇၃၁ မှာ နောက်တစ်ကြိမ် ဇင်းမယ်ကို စစ်တပ်လွှတ်ပြန်တယ်။ လမ်းကျဉ်းက ဆီးပြီးတိုက်လို့ တပ်ပျက်ရတယ်။ အဲဒီအခါကစပြီး ဇင်းမယ်ဟာ ကုန်းဘောင်ခေတ်ဦးအထိ မြန်မာပိုင်စိုးမှုက ကင်းလွတ်ပြီး လွတ်လပ်တဲ့နိုင်ငံဖြစ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com


တနင်္ဂနွေမင်းဟာ ၃ နိုဝင်ဘာ၊ ၁၇၃၃ မှာ နန်းသက် ၁၉ နှစ်အရ သက်တော် ၄၅ နှစ်မှာ နတ်ရွာစံတယ်။ ဒီမင်းဟာ စိတ်နှလုံးသား သိမ်မွေ့ တယ်။ ပညာရှိတွေနဲ့ အမှုခပ်သိမ်း တိုင်ပင်ပြီးမှ လုပ်တယ်။ ရတနာသုံးပါး ကို ရိုသေတယ်။ စွန့်ကြဲပေးကမ်းလေ့ရှိတယ်။ မင်းကျင့်တရား ဆယ်ပါးကို ထိန်းတယ်။

သားတော် စဉ့်ကူးမင်းဟာ ၃ နိုဝင်ဘာ၊ ၁၇၃၃ မှာ ထီးနန်းဆက်ခံ တယ်။ မဟာဓမ္မရာဇာဓိပတိဘွဲ့ခံတယ်။ မိဖုရားကြီးက မဟာဇနိန္ဒာဓိပတိ ဒေဝီဘွဲ့ခံတယ်။ ဒီမင်းလက်ထက်မှာ ရာထူးအခန့်အထား အပြောင်းအလဲ တွေ များလွန်းလို့ ကောင်းကျိုးကို မျှော်ကိုးပြီး ဆောင်ရွက်တာဖြစ်ပေမဲ့ အစီအမံ ညံ့ရာရောက်တယ်။ အပြစ်က ပိုများလာတယ်။ မင်းတိုင်ပင်အမတ် တွေကို ရွေးချယ်ခန့်ထားရာမှာ သင့်တော်သူကို မသုံး၊ အကျွမ်းဝင်သူတွေကို သာ သုံးလို့ အုပ်ချုပ်ကွပ်ကဲရေးမှာ ကျဆင်းတယ်။ အဲဒီအချက်တွေကြောင့် မဟာ ဓမ္မရာဇာဓိပတိကို ပညာရှင်တွေက ပြစ်တင်ရှုံ့ချတယ်။ အဝနိုင်ငံ ပျက်စီးရတဲ့ အကြောင်းအချက်တွေထဲမှာ ဒီအချက်လည်း အရေးပါတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။

မဟာဓမ္မရာဇာဓိပတိဟာ ပြည်ရေးရွာမှုကို စိတ်မဝင်စား၊ အပျော် အပါးမှာသာ မွေ့လျော်တယ်။ အပျော်အပါးဆိုရာတွင် ရာသီအလိုက် ပွဲ တော်တွေကို မပြတ်မလပ် ခင်းကျင်းစေတယ်။ တန်ခူးလတွင် ရေဖြန်း သဘင်နှင့် နှစ်သစ်ကန်တော့ဆက်သဘင်၊ ကဆုန်လတွင် ညောင်ရေသွန်း ပွဲ၊ နယုန်လတွင် စာမေးသဘင်၊ ဝါဆိုလတွင် ပဥ္စင်းလောင်းတော် ရှင် လောင်းတော်သဘင်၊ ဝါခေါင်လတွင် စာရေးတံသဘင်၊ တော်သလင်း လတွင် လှေပွဲသဘင်၊ သီတင်းကျွတ်လတွင် ဆီမီးမြင်းမိုရ်သဘင်နှင့် ဝါ ကျွတ် ကန်တော့လက်ဆောင်တော် ဆက်ပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန် သင်္ကန်းအလှူတော်၊ ကြာသင်္ကန်း၊ တန်ဆောင်တိုင်နှင့် နက္ခတ်သဘင်၊ နတ်တော်လတွင် ဆင်ပွဲသဘင်၊ မြင်းဖမ်းသဘင်၊ ပြာသိုလတွင် မြင်းခင်း သဘင်၊ တပို့တွဲလတွင် ယာဂုနှင့် မီးပုံသဘင်၊ တပေါင်းလတွင် ဘုရားပွဲ တော်သဘင်များကိုလည်း အလှည့်ကျ ကျင်းပပျော်စံတော်မူတယ်။ (မဟာ ရာဇဝင်ကြီး ၃၊ ဗျဲ ဒုတိယချပ်၊ ဝမ်း။ လောကဗျူဟာ ၂၈၉–၃၂၆)

mgyoe.com

mgyoe.com


ဘုန်းတော်ကြီးတို့ကို အထူးမြှောက်စားတယ်။ အကျင့်ပျက်တဲ့ ဘုန်းကြီးရှိရင်လည်း ဆက်ပြီး မြှောက်စားထားတတ်တယ်။ ဥပမာ ရွှေစေတီ ဆေးရေးကျောင်းနေ ရှင်ဉာဏသာရကို အထူးကြည်ညိုလို့ နန်းတော်မှာ မပြတ် ဝင်ထွက်ခွင့်ပေးတယ်။ သေရည်ကိုလည်း များစွာ သောက်စားတတ်လာတယ်။

> သေယစ်လျှင် ဟစ်ကြွေးကြေညာ ကခုန်၍ မှူးတော်မတ်တော်တို့ကဲ့သို့ နေ့ညဥ့်မပြတ် ဝင်ထွက်သည်။ ....... ယစ်ဝ၍ နန်းတော်က မထွက်နိုင်လျှင် ရွှေယာဉ်နှင့် တင်၍ပို့သောအခါ ပို့သည်။ ဆင်နှင့်ပို့သောအခါ ပို့ရသည်။ (အလောင်းမင်းတရား အရေးတော်ပုံ၊ ဃဲကျော၊ ယောဝမ်း)

အဲဒီရဟန်းကို တံဆိပ်တော်တွေ အမျိုးမျိုး အကြိမ်ကြိမ် ကပ်လှူတယ်။ တံဆိပ်တော်တွေက–

မဟာဉာဏသာဂရ၊
မဟာဉာဏသာဂရ သဒ္ဓမ္မရာဇဂုရု၊
မဟာသမဏ မင်းလှပျံချီ၊
ဗေဒင်ဆရာ ငါသာထိပ်မိုး အခေါင်စိုး၊
မတ်ကြီးကျော်ဟိုး မင်းခေါင်စိုး၊
သတိုးခေါင်မိုး၊
ခေါင်မိုးဆရာတော်၊
မဟာရတနာ ဓိနာဘိသေက အတုလ စိန္တေယျ လောကခေါင်မိုး၊
တန်ခိုးတော့ဇာ ကြေညာသိမ်းယူ ဘုန်းညွန့်လူ၊

တို့ ဖြစ်ပါတယ်။ အလားတူ ရှင်ဗုဒ္ဓင်္ကုရကိုလည်း ရှေးရှေးကရော၊ ခုအခါပါ မကြားဖူးတဲ့ဘွဲ့ သိရိ ပဝရာဘိ မဟာရတနာ အနန္တဓဇ ဗုဒ္ဓင်္ကုရ မဟာရာဇဓိပတိ ရဋ္ဌဝါသီ မုနိန္ဒာ ဘိရာဇဂုရုဆိုတဲ့ ဘွဲ့တွေပေးခဲ့တယ်။ ယွန်းကျောင်းဆရာတော်ကို မဟာသာမဏအတုလ လွှဲ့တင် ဘုရင် သတိုးကျော်ဟိုး မင်းရဲလွန်ကဲတေဇအာဏာပတ်ကိုးကျွန်းလုံး သိမ်းအုပ် မင်းလှခေါင်ချုပ်ဆိုတဲ့ တံဆိပ်တော်ကို ကပ်လှူတယ်။ (အလောင်းမင်းတရား အရေးတော်ပုံ၊ ယောဝမ်း) အခုလို မသင့်မရာတဲ့ ကိစ္စတွေကို မှတ်မထားရ

mgyoe.com

mgyoe.com


လို့ ဒီလိုအမိန့်တော်ထုတ်တယ်။

ကာလသု ဒေဝသု သမယသု၊ ကျမ်းဂန်ရှိသည်၊ ဗေဒင်အကြောင်းလှာ ကိန်းဟော ခန်းဟော ဂြိုဟ်နေ ဂြိုဟ်တွင် နက္ခတ်တာရာ နီးစပ်ပူးယှဉ်သည်၊ သမုတိ ကာရဏ်ကျမ်းဂန်ရှိသည်နှင့်အညီ အထူးထူး အပြားပြား အမည် အရည် အစီးအနင်း အဆောင်အရွက် သနားတော်မူနှင့်သည်သာ ဖြစ်သည်။ စာရင်းစာတန်း မရှိစေနှင့်၊ အကုန်အစင် ချေဖျက်စေ။ (ရတနာသိင်္ဃ ကုန်းဘောင်မြို့တည် မင်းတရားကြီး အမိန့်တော်များ၊ လေဘ်ကျော၊ ဃံဝမ်း။)

၂၀၀၃၊ ဖေဖော်ဝါရီ၊
ကလျာမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

# ဘယ်သူ့ကြောင့် ဒီလိုဖြစ်ရပါသလဲ

တစ်ခါတုန်းက ဘုရင်ပါတော်မူတဲ့အခါ ဘယ်သူ့လက်ချက်လဲလို့ စစ်ဆေးကြတယ်။ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန်ကင်းဝန်မင်းကြီး သတိုးသုဓမ္မ မဟာသက်တော်ရှည် (ဦးကောင်း)ကို ပြောလာကြပါတယ်။ အဲဒီအခါ စစ်ဆေးကြပုံကို အကျဉ်းပြောပြချင်ပါတယ်။

ဗန် (အလုံ)မြို့နယ်တောင်ဘက် ကုခန်း (ပခန်း)လေးရာပြုမြို့၊ အနောက်မှာ ထီးလင်း၊ မြောက်မှာ ဗန့်ကျီတိုက် ဝိုင်းထားတဲ့ ဆင်ရှင်မြို့နယ်၊ မုန်တိုင်ပင်ရွာမှာ နောင်ကင်းဝန်မင်းကြီး ဖြစ်မယ့် မောင်ကောင်းကို ၁၁၈၃ တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့( ၃ ဖေဖော်ဝါရီ၊ ၁၈၂၂) မှာ မွေးဖွားပါတယ်။ အဲဒီအခါက မုန်တိုင်ပင်ရွာမှာ အိမ်ခြေခုနစ်အိမ်ပဲရှိတယ်။ ရက်ကန်းရက်တဲ့အခါ သုံးတဲ့ ယင်သွားလုပ်သူ ဦးမှို၊ ဇနီး မယ်စိတို့က နောင်ကင်းဝန်ဖြစ်မယ့် မောင်ချင်းကို မွေးပါတယ်။ အသက် ခုနစ်နှစ်မှာ မုန်တိုင်ပင်ရွာမြောက် (နှစ်မိုင်လောက်ဝေးတဲ့) ငှက်ပျောတောရွာ ဘုန်းတော်ကြီး ဦးဆန်းဆီမှာ အပ်နှံပြီး ပညာသင်စေတယ်။ သင်ပုန်းကြီးနဲ့ ဇာတ်ကြီးဆယ်ဘွဲ့ကို သင်ရတယ်။ အသက် ဆယ်နှစ်မှာ သာမဏေပြုလုပ်

mgyoe.com

mgyoe.com

ပေးတယ်။ ဆရာတော်ဦးဆန်းက အာသဘလို့ ဘွဲ့အမည်ပေးတယ်။ အသက် တစ်ဆယ့်ငါးနှစ်မှာ ငှက်ပျောတောကျောင်းက ဦးအာသဘဆီကို ပညာသင် လွှတ်ပြန်တယ်။ အဲဒီကနေ ပဒူးရွာကျောင်း ဦးဥတ္တမဆီကို ရောက်တယ်။ အဲဒီမှာ ဦးဝိသုန္ဒ (ဦးရန်ဝေး)နဲ့တွေ့ပြီး ဆရာတပည့် ဖြစ်လာကြတယ်။ ကျောင်းဘုန်းကြီး ဦးဥတ္တမက ဦးရန်ဝေးရဲ့ ဦးရီးဖြစ်ပါတယ်။ အဲဒီက တစ်ခါ ပခန်းမြို့နယ်အရှေ့ဘက် ငါးရဲ့အိုမြစ်စုတ်ရွာ ဘုန်းတော်ကြီး ဦးကျော်ခေါင်ဆီကို ပညာသင်ရောက်ပြန်တယ်။ အသက် နှစ်ဆယ်အရွယ်မှာ ငယ်ဆရာ ဘုန်းကြီးဦးဆန်းထံ ပြန်လာပြီး ရဟန်းခံဖို့ စီစဉ်တဲ့အခါ ရဟန်းဒကာဖြစ်လိုတဲ့လူတွေ များလွန်းလို့ သင်္ဂြိုဟ်သူကြီး ဦးကျော်က ခေါင်းဆောင်ပြီး အစုစပ် ဒကာခံပြီး ပေးလိုက်ကြပါတယ်။ ရဟန်းငါးဝါ၊ အသက် နှစ်ဆယ့်ငါးနှစ် ရောက်တဲ့အခါ အမရပူရ မင်းနေပြည်ကို ရောက်လာပါတယ်။ မဟာဝိဇယာရာမ၊ ဗားကရာတိုက်ကို ဝင်တဲ့အခါ အရင်က တွေ့ခဲ့ဖူးတဲ့ ဦးဝိသုန္ဒ (ဦးရန်ဝေး)က ကျောင်းတစ်ကျောင်းမှာ ကျောင်းထိုင် ဖြစ်နေတာတွေ့လို့ ဦးဝိသုဒ္ဓဆီမှာပဲ ပညာဆက်သင်ပါတယ်။ ဦးဝိသုဒ္ဓက မင်းတုန်းမင်းနဲ့ အဆက်အသွယ်ရပြီး မင်းတုန်းမင်းဆီကို သီတင်းနေ့တိုင်း သွားပြီး ဥပုသ်သီတင်းဆောက်တည်ဖို့ သီလပေးရတယ်။ နောင်တော့ လူထွက်ပြီး မင်းတုန်းမင်းထံမှာ ခစားတယ်။ အာသဘလည်း ဒီလိုပဲ မင်းတုန်းမင်း အမှုထမ်းတယ်။ မောင်ချင်းလို့ခေါ်တယ်။ ကဗျာလင်္ကာ စီကုံးရေးသားတဲ့အခါလျှင်မြန်ကောင်းမွန်လို့ကျေနပ်ပြီး နာမည်မောင်ချင်းကို မောင်ကောင်းလို့ ပြင်စေတယ်။ မောင်ကောင်း အသက်နှစ်ဆယ့်ရှစ်နှစ်ရှိပါပြီ။ နောက်တစ်နှစ်မှာ နေမျိုးနရာစည်သူဘွဲ့ရတယ်။ ဘဏ္ဍာစာရေးခန့်တယ်။ နောက်တစ်နှစ်မှာ အသက် ၃၀ သာ ရှိ သေးတဲ့ မောင်ကောင်းနဲ့ အသက် ၅၉ နှစ်ရှိတဲ့ မုဆိုးမ ဆင်ကြန်သခင်နဲ့ ဝန်မင်းတို့က ပေးစားတယ်။

မင်းတုန်းမင်း ရှင်ဘုရင်ဖြစ်တဲ့အခါ မောင်ကောင်းကို မင်းလှသိင်္ခသူ ဘွဲ့ ပေးတယ်။ စစ်ကိုင်းနတ်ရွာသစ်ကြီးကို အပိုင်စားပေးတယ်။ ရွှေတိုက်စိုး ခန့်တယ်။ တိဏ္ဍာကြဗာတ်ကို ပျို့ရေးပြီး ဆက်လို့ ကျေနပ်တဲ့အတွက် လွှတ်တော် အမှာတော်ရေး ခန့်တယ်။ ပခန်းကြီးစီရင်စု သပြေငါးရွာကို စားရတယ်။ မန္တလေးပြန်တည်ဖို့ ရှင်ဘုရင် စိတ်ဆန္ဒရှိနေလို့ မြတောင်စား

mgyoe.com

သေနတ်ဝန်မင်းကြီးမှာ အထူးတာဝန်၊ မောင်ကောင်းမှာ မြဲတောင်စားခိုင်းသမျှ လုပ်ဆောင်ရတယ်။ ၁၈၂၇ မှာ လွှတ်တော်စာရေးကြီး ဖြစ်လာတယ်။ ၁၈၅၈ မှာ နေမိရကန်ကို ရေးသားဆက်သွင်းတဲ့အခါ နေမိမင်းကို နတ်ပြည်နတ်ရွာက ပင့်ခေါ်ဖို့ ရထားအရောက်မှာ နန်းတွင်းသူတွေ ထိတ်လန့်ကြောက်ရွံ့ပုံကို ရေးတဲ့နေရာမှာ တော်လွန်းလို့ ချီးမွမ်းကြတယ်။ နောက်မန္တလေး နန်းတော်တည်ဆောက်တဲ့အခါ မြို့တည်စာတမ်းအချီ နိဒါန်းရေးသွင်းတဲ့အခါ အထူးကျေနပ်သဖြင့် အခြား၊ စာရေးတော်ကြီးတွေ ရမြဲဖြစ်တဲ့ဘွဲ့ထက် မဟာတိုးပြီး "မဟာမင်းကျော်စည်သူ"လို့ ဘွဲ့သစ်ရတယ်။ ကတ္တီပါပေါင်းနဲ့ ရွှေစလွယ်ကိုးသွယ်လည်း ရတယ်။ ၁၈၆၀ ပြည့်မှာ စိတ္တုပတ္တိလေသစာတမ်းကို ရေးသွင်းတယ်။ အဲဒီစာတမ်းရဲ့အဆက် ဓမ္မဇမော်ကွန်းကို ရေးသွင်းတယ်။ နောက် ၁၈၆၁ မှာ အလုံမြို့ဝန်အရာ ခန့်ထားတယ်။ ဒါကို အများကြီးကျေနပ်ပြီး ရွှေထီးသနားတော်မြတ် ခံရချင်ပါတယ်လို့ လျှောက်ထားမိတဲ့အတွက် ပေးတာယူ၊ မတောင်းရဘူးလို့ အပြောခံရတယ်။ ခင်ပွန်းတု တစ်ဆယ့်ခြောက်ယောက်အကြောင်း ရတုရေးရပြန်တယ်။

ဦးကောင်းက အလုံမြို့ဝန်အဖြစ်နဲ့ အလုံကိုသွားပြီး နေရခိုက် အလုံမြို့သူကြီးနှမ အသက် ၂၈ နှစ်ရှိသူ မရွှေမယ်နဲ့ အကြောင်းပါလို့ ဝန်ကတော် တစ်ယောက် တိုးလာတယ်။ ၁၈၆၅ မှာ တောင်ငူ၊ ရမည်းသင်းသစ်တောက အလုပ်အဆောင်ညံ့လို့ ဘဏ္ဍာတော် ယုတ်လျော့တဲ့အတွက် တောင်ငူ၊ ရမည်းသင်း နှစ်မြို့ဝန် ဖြစ်လာတယ်။ ၁၈၆၆ မြင်ကွန်း၊ မြင်းခုံတိုင်၊ ပန်းတိမ် မင်းသားတို့ ပုန်ကန်ကြတဲ့အရေးမှာ နေ့ညမပြတ် မင်းကြီးမဟာစည်သူဘွဲ့နဲ့ ကြီးကြပ်အုပ်ထိန်းရတဲ့အတွက် အမှုထမ်းကောင်းအဖြစ်မင်းကြီး မဟာစည်သူဘွဲ့နဲ့ ဝန်ထောက်ရာထူး တိုးမြှင့်ခန့်ထားတာကို ခံရတယ်။ အရေးတော်ကြီးတဲ့အခါ ...

ကျောက်စာလုံးကင်း၊
မင်းကွန်းကင်း၊
စမ္ပာယ်နဂိုရ်ကင်း စတဲ့ ရေကင်းတွေရယ်၊
ဆင်ကြန်ကင်း၊

mgyoe.com

mgyoe.com


မြောက်ဦးကင်း၊

လေသာကင်း၊

မြစ်ဆိပ်ကင်း၊

နတ်ထိပ်ကင်း၊

ရှောင်ကဖွေကင်း၊

ဆိုတဲ့ ကြည်းကင်းတွေကိုပါ ထိမ်းရတဲ့ ကင်းဝန်အရာတော် ခန့်ထား ခံရတယ်။ အသက် ၇၀ ကျော်တဲ့ ဆင်ကြန်သခင် ကွယ်လွန်တဲ့အခါ အလုံ မြို့သူ မရွှေမယ်က လက်ဆုံစားပွဲတက် မယား ဖြစ်လာပါတယ်။

၁၈၆၈ မှာ အဥသံခိပ် ဓမ္မသတ် လင်္ကာ ၇၂ ပုဒ်ကို ရေးတယ်။ အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံနဲ့ အစပ် မင်းလှမြို့မှာ သွားရောက်နေထိုင် ပြီး အောက်မြစ်စဉ်ဝန် ဖြစ်လာတယ်။ ၁၈၇၁ မှာ ဝန်ကြီးအရာတိုးပြီး အင်္ဂလန်ကို သံအဖြစ် စေလွှတ်ခြင်းခံရတယ်။ ရှေးအထက်ထက်က ဒီလို တာဝန်ထမ်းဆောင်ခြင်း မရှိဖူးသေးလို့ ထူးခြားကြီးမားတဲ့ တာဝန်ကို ယူရတာဖြစ်တယ်။ "အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်မင်းကြီး"လို့ ကျော် စောထင်ရှားလာတယ်။ ဇာတိရပ်ရွာဖြစ်တဲ့ မုန်တိုင်ပင်ရွာကို "မင်းတိုင်ပင်" ရွာလို့ ပြောင်းလွဲခေါ်ဝေါ်ကြတယ်။ သံကြီးအဖြစ် အင်္ဂလန်၊ ပြင်သစ်၊ အီတလီနိုင်ငံတွေကို ရောက်ခဲ့ပြီးနောက် ၁၈၇၃ မှာ နိုင်ငံကို ပြန်ရောက်တဲ့ အခါ သတိုးမင်းကြီး မဟာစည်သူလို့ ဘွဲ့တံဆိပ် တိုးတက်လာပါတယ်။ သံကြီးအဖြစ် ပြင်သစ်ကို စေလွှတ်ခြင်း ခံရပါသေးတယ်။ ပြန်လာတဲ့အခါ ကုန်းကြောင်း စစ်အမှုထမ်းဖြစ်တဲ့ မြောက်ဒဝယ်၊ တောင်ဒဝယ်၊ မြောက် တစ်ရာ့ငါးဆယ်၊ တောင် တစ်ရာ့ငါးဆယ်၊ မြောက် ပါရကင်၊ ရွှေပြည်မှန် ကင်း စတဲ့ အတွင်းခြောက်စုနဲ့ သေနတ်အစု တပ်ပေါင်း ၂၂၊ စစ်သည်သူရဲ ငါးသောင်းကျော်ကို ကြီးမှူးရတဲ့ သေနတ်ဝန်အရာ ခန့်ထားခံရတယ်။ ၁၈၇၅ မှာ လယ်ကိုင်းမြို့ကို စားရတယ်။ အဲဒီနှစ်မှာပဲ အင်္ဂလိပ် အိမ်ရှေ့ မင်းသား အိန္ဒိယအလည်ရောက်လို့ သွားရောက်နှုတ်ဆက်ရပြန်တယ်။ အိန္ဒိယပြည် ရောက်ခိုက် ဗုဒ္ဓဂယာ၊ မဟာဗောဓိကိုသွားပြီး အုတ်စီဇရပ် ဆောက်ခဲ့တယ်။ ၁၈၇၆ မှာ မင်းတိုင်ပင်ရွာက အမျိုးတွေလိုက်လာပြီး သူတို့ကို နက်ရှင့်ရွှေး သေနတ်အစုထမ်းအဖြစ်က ကင်းလွတ်ခွင့်တောင်း

mgyoe.com

ကြတယ်။ မငြင်းသာလို့ ရွှေနားတော်ကြား လျှောက်ထားတဲ့အခါ အပြစ်တင် ခံရတယ်။ ရတုပိုဒ်စုံရေးပြီး ဆက်သတဲ့အခါ ဘုရင်က နောက်ထပ် အပြစ်မတင်တော့ပါ။ ပဉ္စမသင်္ဂါယနာတင်မင်းတရား (မင်းတုန်းမင်း)နတ်ရွာစံတဲ့အခါ သားတော်သီပေါမင်းဖြစ်လာတယ်။ သီပေါမင်းက ဦးကောင်းကို "မင်းသတိုး သုဓမ္မမဟာသက်တော်ရှည်"ဆိုတဲ့ ဘွဲ့ကိုပေးတယ်။ အလုံမြို့သူ မရွှေမယ်ကို ၂၃ နိုဝင်ဘာ၊ ၁၈၇၉ မှာ အမေးတော်ခံ ကတော်ကြီး နေရာ နေစေလို့ သနားတော်မြတ် ခံရတယ်။ အနောက်ပွဲတက် ကန်တော့ ခံတက်ရတဲ့ ကတော်ဘွဲ့ရသူ ၁၆ ယောက်မှာ မရွှေမယ်က နံပါတ် ၁ ဖြစ်လာတယ်။ ကသာမြို့ကိုလည်း စားရတယ်။

ကင်းဝန်မင်းကြီး ရေးသားစီကုံးခဲ့ဖူးတဲ့ အဋ္ဌသံခိပ် ဓမ္မသတ်လင်္ကာကို အကျယ်ချဲ့ပြီး အဋ္ဌ သံခေပဝဏ္ဏနာ ဓမ္မသတ်လို့ ရေးပြန်တယ်။ ၁၉ ဧပြီ၊ ၁၈၈၄ မှာ ကင်းဝန်မင်းကြီးကတော်၊ ကသာမြို့စား သေလွန်တယ်။ ကင်းဝန်မင်းကြီးကို အင်္ဂလိပ်အစိုးရက ဆက်ပြီး အုပ်ချုပ်ရေးမှာ အတိုင်ပင်ခံ သဘောမျိုး ခန့်ထားပြီး ၁၈၈၈ ရောက်တဲ့အခါ အငြိမ်းစား လစာပေးပြီး အနားယူစေတယ်။ ၁၈၉၃ မှာ ကင်းဝန်မင်းကြီးကို မင်းကြီး ဘာဂျက် (Burgess)က တောင်းပန်လို့ ဓမ္မသတ် ၃၆ စောင်တွဲကို ရေးသားပေးတယ်။

ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပေမဲ့ သေခြင်းတရားကို မလွန်ဆန်နိုင်ပါ။ ၃၀ ဇွန်၊ ၁၉၀၈၊ အသက် ၈၆ နှစ် ၄ လ ၂၁ ရက်မှာ ကွယ်လွန်တယ်။

၂၀၀၃၊ မတ်၊

ကလျာမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

# တံဆိပ်ငါးရပ်

ရှေးရှေးက သာသနာပြုဆရာတော် သံဃာတော်တွေကို ရှင်ဘုရင်က ဘွဲ့တံဆိပ်တော် ဆက်ကပ်တဲ့အခါ သတ္တိ၊ ဗျတ္တိ၊ ပရိယတ်၊ ပဋိပတ်၊ ဂုဏ်၊ ဝါ၊ သိက္ခာ၊ သီလ အလျောက် ဆုတ်တက်နိမ့်မြင့် မရှိ၊ ကျော်ရင် တော်ရင် တော်သလောက် ကျော်သလောက် ထင်ရှားခွင့်မရှိသလို ဖြစ်နေတယ်။ တံဆိပ်တော်တွေကို "ငါးမျိုးငါးရပ်"ပြင်စေလို့ ၁၉ စက်တင်ဘာ၊ ၁၈၈၄ က သီပေါမင်းတရား အမိန့်တော်ရှိတယ်။ အဲဒီအခါ သာသနာပြုဆရာ တော်နဲ့ မှူးတော်မတ်တော် အစုံအညီ စည်းဝေးတိုင်ပင်ပြီး တံဆိပ်တော်ကို ငါးမျိုးခွဲလိုက်ပါတယ်။

(၁) သာသနာပြုဆရာတော်၊
မာလာလင်္ကာရ အတုလ ဓိပတိ သိရိ ပဝရ
ဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု။
(မာလာလင်္ကာရမှာ ဘွဲ့ရင်းဖြစ်ပါတယ်။)

(၂) ဒုတိယမှာ – ဘွဲ့ရင်း + အတုလ၊ ဓိပတိ၊ ပဝရ၊ ဓဇ
လေးမျိုးပေါင်းစပ်ရတယ်။

(၃) တတိယမှာ – ဘွဲ့ရင်း + ဓိပတိ၊ ပဝရ၊ ဓဇ။

mgyoe.com

mgyoe.com

(၄) စတုတ္ထမှာ – ဘွဲ့ရင်း + ပဝရ၊ ဓဇ။
(၅) ပဥ္စမမှာ – ဘွဲ့ရင်း + ဓဇ။

အဲဒီလို စနစ်တစ်ခု တီထွင်ပြီး ဘွဲ့တွေကို အစီအစဉ်သစ်အရ ပေးအပ်ပါတယ်။ အသစ်ပုံစံအရ –

ပထမ

၁။ ဦးသုဒဿန၊ စံကျောင်းဆရာတော် (သက်တော် ၆၉)
ဘွဲ့သစ် သုဒဿန ဓဇ အတုလ မိပတိ
သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၂။ ဦးအာလောက၊ မြတောင်ဆရာတော် (သက်တော် ၆၂)
ဘွဲ့သစ် အာလောကာ ဘိဓဇ အတုလ မိပတိ
သီရိ ပဝရ မဟာဓမ္မရာဇဓိရာဇဂုရု

၃။ ဦးကေတု၊ အောင်မြေရွှေဘုံဆရာတော် (သက်တော် ၇၈)
ဘွဲ့သစ် ကေတုဓမ္မာ ဘိဓဇ အတုလ မိပတိ
သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၄။ ဦးနရိန္ဒ၊ ဆီးဗန်းနီဆရာတော် (သက်တော် ၇၂)
ဘွဲ့သစ် နရိန္ဒာ ဘိဓဇ အတုလ မိပတိ
သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၅။ ဦးသာဂရ၊ ဆင်တဲဆရာတော် (သက်တော် ၇၄)
ဘွဲ့သစ် သာဂရဝံသ ဓဇ အတုလ မိပတိ
သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၆။ ဦးကေတု၊ မဟာဝိဇိတာရာမဆရာတော် (သက်တော် ၅၈)
ဘွဲ့သစ် ကေတုမာလာ ဘိဓဇ အတုလ မိပတိ
သီရိ ပဝရ မဟာဓမ္မရာဇဓိရာဇဂုရု

၇။ ဦးဉာဏဝံသ၊ မှန်ကျောင်းဆရာတော် (သက်တော် ၄၇)
ဘွဲ့သစ် ဉာဏဝံသာ ဘိဓဇ အတုလ မိပတိ
သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

mgyoe.com

mgyoe.com


ဒုတိယ

၁။ ဦးပဏ္ဍိ၊ ဒက္ခိဏာရာမဆရာတော် (သက်တော် ၅၆)
ဘွဲ့သစ် ပဏ္ဍိတ ဓဇ မိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၂။ ဦးဝိစိတ္တ၊ မင်္ဂလာရာမဆရာတော် (သက်တော် ၆၉)
ဘွဲ့သစ် ဝိစိတ္တာဘိဓဇ မိပတိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၃။ ဦးသုဇာတ၊ စိတ္တာရာရာမဆရာတော် (သက်တော် ၆၉)
ဘွဲ့သစ် သုဇာတာဘိဓဇ မိပတိ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၄။ ဦးဝိမလ၊ ဘုံကျော်ဆရာတော် (သက်တော် ၈၇)
ဘွဲ့သစ် ဝိမလာစာရ ဓဇ မိပတိ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၅။ ဦးသုဇာတ၊ မိုးထားဆရာတော် (သက်တော် ၅၄)
ဘွဲ့သစ် သုဇာတာဘိ သီရိ ဓဇ မိပတိ ပဝရ
မဟာဓမ္မရာဇာဓိရာဇဂုရု

၆။ ဦးဝိသုဒ္ဓ၊ မဟာဝိသုဒ္ဓါရာမဆရာတော် (သက်တော် ၄၇)
ဘွဲ့သစ် ဝိသုဒ္ဓါဘိဓဇ မိပတိ သီရိ ပဝရ
မဟာဓမ္မရာဇာဓိရာဇဂုရု

၇။ ဦးဇနိန္ဒ၊ မေဃဝတီဆရာတော် (သက်တော် ၆၈)
ဘွဲ့သစ် ဇနိန္ဒာဘိဓဇ မိပတိ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၈။ ဦးဝိရိယ၊ လှထွေဆရာတော် (သက်တော် ၆၄)
ဘွဲ့သစ် ဝိရိယာရမ္ဘဓဇ မိပတိ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၉။ ဦးနန္ဒ၊ ပုခန်းဆရာတော် (သက်တော် ၆၄)
ဘွဲ့သစ် နန္ဒာ ဘိဓဇ မိပတိ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၁၀။ ဦးဉာဏိန္ဒ၊ နန်းဦးဆရာတော် (သက်တော် ၃၉)
ဘွဲ့သစ် ဉာဏိန္ဒာ ဘိဓဇ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၁၁။ ဦးဓမ္မသာမိ၊ ဒဗယင်းဆရာတော် (သက်တော် ၅၄)
ဘွဲ့သစ် ဓမ္မသာမိဓဇ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၁၂။ ဦးအာစာရ၊ မက္ခရာဆရာတော် (သက်တော် ၆၆)
ဘွဲ့သစ် အာစာရာရမ္ဘဓဇ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

mgyoe.com

## တတိယ

၁။ ဦးသဒ္ဓမ္မ၊ ငါးကျွမ်းဆရာတော် (သက်တော် ၇၄)
ဘွဲ့သစ် သဒ္ဓမ္မဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၂။ ဦးဉာဏ၊ တိုက်အုပ်ဆရာတော် (သက်တော် ၄၂)
ဘွဲ့သစ် ဉာဏာဘိဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၃။ ဦးအာစယ၊ ရွှေရေးဆောင်ဆရာတော် (သက်တော် ၆၈)
ဘွဲ့သစ် အာစယဝံသဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၄။ ဦးဣန္ဒက၊ ထရံကာဆရာတော် (သက်တော် ၃၉)
ဘွဲ့သစ် ဣန္ဒကာဘိဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၅။ ဦးသဒ္ဓမ္မ၊ သောဘိတာရာမဆရာတော် (သက်တော် ၄၆)
ဘွဲ့သစ် သဒ္ဓမ္မပါလဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၆။ ဦးအာစာရာရမ္ဘ၊ အရှေ့ပြင် ငါးစို့ဆရာတော် (သက်တော် ၄၃)
ဘွဲ့သစ် အာစာရာရမ္ဘဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၇။ ဦးသုမန၊ လယ်ကိုင်းဆရာတော် (သက်တော် ၅၂)
ဘွဲ့သစ် သုမနဝံသဓဇ သီရိ ပဝရ မဟာဓမ္မရာဇဓိရာဇဂုရု

၈။ ဦးဉာဏ၊ မင်္ဂလာရာမဆရာတော် (သက်တော် ၅၅)
ဘွဲ့သစ် ဉာဏဝံသဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၉။ ဦးသုမန၊ ဆူးခါးဆရာတော် (သက်တော် ၅၇)
ဘွဲ့သစ် သုမနဝံသဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၁၀။ ဦးဝါယမ၊ ရမည်းသင်းဆရာတော် (သက်တော် ၅၉)
ဘွဲ့သစ် ဝါယာမဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၁၁။ ဦးနန္ဒမဉ္ဇူ၊ လင်္ကာရာမဆရာတော် (သက်တော် ၃၇)
ဘွဲ့သစ် နန္ဒမဉ္ဇူသာဘိဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၁၂။ ဦးဥေယျ၊ သက်ပန်းဆရာတော် (သက်တော် ၆၉)
ဘွဲ့သစ် ဦးဥေယျာဓမ္မာ ဘိဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၁၃။ ဦးမုနိန္ဒ၊ ဝိဇယာရာမဆရာတော် (သက်တော် ၆၅)
ဘွဲ့သစ် မုနိန္ဒာ ဘိဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

၁၄။ ဦးဝိသုဒ္ဓ၊ တောင်ခွင်ဆရာတော် (သက်တော် ၄၁)

mgyoe.com

mgyoe.com

ဘွဲ့သစ် ဝိသုဒ္ဓ သီလာစာရဓဇ သီရိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု

စတုတ္ထ

၁။ ဦးကုမာရ၊ (သက်တော် ၃၅)
ဘွဲ့သစ် ကုမာရာ ဘိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂။ ဦးနာဂိန္ဒ၊ (သက်တော် ၅၁)
ဘွဲ့သစ် နာဂိန္ဒ ဘိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၃။ ဦးပညာ၊ (သက်တော် ၄၅)
ဘွဲ့သစ် ပညာသာမိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၄။ ဦးသုမန၊ မြို့သာဆရာတော် (သက်တော် ၅၃)
ဘွဲ့သစ် သုမနာစာရဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၅။ ဦးအာစယ၊ မိုးကောင်းဆရာတော် (သက်တော် ၅၃)
ဘွဲ့သစ် အာစယဝံသဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၆။ ဦးဓမ္မစာရီ၊ သင်္ဂဇာဆရာတော် (သက်တော် ၆၆)
ဘွဲ့သစ် ဓမ္မစာရိန္ဒာ ဘိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၇။ ဦးဝိဇရ၊ ညောင်ကန်ဆရာတော် (သက်တော် ၆၆)
ဘွဲ့သစ် ဝဇီရာဝုဓ ဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၈။ ဦးသုမန၊ မိုးထိဆရာတော် (သက်တော် ၅၀)
ဘွဲ့သစ် သုမနဝံသဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၉။ ဦးသုဇာတ၊ မဟာဓမ္မိကာရာမဆရာတော် (သက်တော် ၄၆)
ဘွဲ့သစ် သုဇာတာ ဘိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၀။ ဦးသုန္ဒရ (သက်တော် ၄၀)
ဘွဲ့သစ် သုန္ဒရာ ဘိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၁။ ဦးဂန္ဓမဥ္ဇူ (သက်တော် ၄၀)
ဘွဲ့သစ် ဂန္ဓမဥ္ဇူသာ ဘိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၂။ ဦးစန္ဒလင်္ကာ၊ (သက်တော် ၇၃)
စန္ဒလင်္ကာ ဘိဓဇမဟာ ဓမ္မရာဇာဓိရာဇာဂုရု

၁၃။ ဦးသီလ၊ ရွှေမဒရာဆရာတော် (သက်တော် ၅၄)

mgyoe.com

mgyoe.com

ဘွဲ့သစ် သီလာစာရဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၄။ ဦးဝိမလ၊ မင်းခင်းဆရာတော် (သက်တော် ၅၆)

ဘွဲ့သစ် ဝိမလာစာရဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၅။ ဦးနန္ဒမာလာ၊ ဝေဠုဝန်ဆရာတော် (သက်တော် ၆၀)

ဘွဲ့သစ် နန္ဒမာလာ ဘိဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၆။ ဦးဇယန္တ၊ ခေါ်တောဆရာတော် (သက်တော် ၅၅)

ဘွဲ့သစ် ဇယန္တဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၇။ ဦးဉာဏ၊ ရွှေပြည်ဆရာတော် (သက်တော် ၅၁)

ဘွဲ့သစ် ဉာဏာဝံသ ဓဇ မဟာ ဓမ္မရာဇာဓိရာဇဂုရု

## ပဉ္စမ

၁။ ထီးလင်းဆရာတော် ဦးဒီပ (သက်တော် ၆၈)

ဘွဲ့သစ် ဒီပါ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂။ ဦးကုမာရ (သက်တော် ၃၉)

ဘွဲ့သစ် ကုမာရာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၃။ ဘေးမဲ့ဆရာတော် ဦးရေဝတ (သက်တော် ၄၂)

ဘွဲ့သစ် ရေဝတာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၄။ ဂူကြီးဆရာတော် ဦးကလျာဏ (သက်တော် ၈၆)

ဘွဲ့သစ် ကလျာဏာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၅။ မိတ္ထီလာဆရာတော် ဦးသြဘာသ (သက်တော် ၈၂)

ဘွဲ့သစ် သြဘာသာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၆။ ဦးပုည (သက်တော် ၈၂)

ဘွဲ့သစ် ပုညာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၇။ ဦးအာဒိစ္စ (သက်တော် ၄၇)

ဘွဲ့သစ် အာဒိစ္စာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၈။ ဦးသုဇာတ (သက်တော် ၄၃)

ဘွဲ့သစ် သုဇာတာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၉။ ဦးရာဇိန္ဒ (သက်တော် ၄၀)

mgyoe.com

mgyoe.com


ဘွဲ့သစ် ရာဇိန္ဒာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၀။ သဒ္ဒမ္မဇောတိကာရာမ ဆရာတော် ဦးဒေဝိန္ဒ (သက်တော် ၄၇)

ဘွဲ့သစ် ဒေဝိန္ဒာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၁။ ဦးဝိမလ (သက်တော် ၄၂)

ဘွဲ့သစ် ဝိမလာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၂။ ဦးအာသဘ (သက်တော် ၄၂)

ဘွဲ့သစ် အာသဘာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၃။ ဦးဝိစာရ (သက်တော် ၃၂)

ဘွဲ့သစ် ဝိစာရာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၄။ ဦးအာလောက (သက်တော် ၅၁)

ဘွဲ့သစ် အာလောကာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၅။ ဦးကေလာသ (သက်တော် ၅၆)

ဘွဲ့သစ် ကေလာသာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၆။ ဦးသကျဝံသ (သက်တော် ၅၀)

ဘွဲ့သစ် သကျဝံသာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၇။ ဦးစန္ဒ (သက်တော် ၄၁)

ဘွဲ့သစ် စန္ဒာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၈။ ဦးဂန္ဓမာ (သက်တော် ၄၂)

ဘွဲ့သစ် ဂန္ဓမာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၁၉။ ဦးနန္ဒဝါ (သက်တော် ၄၀)

ဘွဲ့သစ် နန္ဒဝါ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၀။ ဦးတေဇဝန္တ (သက်တော် ၃၉)

ဘွဲ့သစ် တေဇဝန္တာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၁။ ဦးစန္ဒိမာ (သက်တော် ၃၉)

ဘွဲ့သစ် စန္ဒိမာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၂။ ဦးဝိစိတ္တ (သက်တော် ၄၅)

ဘွဲ့သစ် ဝိစိတ္တာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၃။ ဦးဂုဏ (သက်တော် ၄၀)

mgyoe.com

mgyoe.com

ဘွဲ့သစ် ဂုဏာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၄။ ဦးဂန္ဓူရ (သက်တော် ၂၆)

ဘွဲ့သစ် ဂန္ဓူရာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၅။ ဦးသီရိန္ဒရ (သက်တော် ၂၁)

ဘွဲ့သစ် သီရိန္ဒရာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၆။ ဦးဇေသီ၊ တောင်ဝိုင်ဆရာတော် (သက်တော် ၅၇)

ဘွဲ့သစ် ဇေသီ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၇။ ဦးကလျာဏ၊ ရှိမ်းမကားဆရာတော် (သက်တော် ၄၃)

ဘွဲ့သစ် ကလျာဏာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၈။ ဦးပဒုမ (သက်တော် ၄၇)

ဘွဲ့သစ် ပဒုမာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၂၉။ ဦးမဥ္ဇူ (သက်တော် ၆၅)

ဘွဲ့သစ် မဥ္ဇူသာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

၃၀။ ဦးသီလ၊ သကျင်ဆရာတော် (သက်တော် ၆၅)

ဘွဲ့သစ် မဥ္ဇူသာ လင်္ကာရ မဟာ ဓမ္မရာဇာဓိရာဇဂုရု

သာသနာပြုဆရာတော် တစ်၊ ပထမတံဆိပ်ရ ခုနစ်၊ ဒုတိယတံဆိပ်ရ တစ်ဆယ့်နှစ်၊ တတိယတံဆိပ်ရ တစ်ဆယ့်လေး၊ စတုတ္ထတံဆိပ်ရ တစ်ဆယ့်ခုနစ်၊ ပဥ္စမတံဆိပ်ရ သုံးဆယ်။ တံဆိပ်ရ ဆရာတော်စုစုပေါင်း ရှစ်ဆယ့်တစ်။

၂၀၀၃၊ ဇွန်၊
ကလျာမဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com


# စလုံ

မြန်မာပန်းချီ စတဲ့ အနုပညာတွေကို အထူးပြုလေ့လာသူ (လန်ဒန် ရောက်) နိဝယ်ဆင်ဂါးက မိုးညှင်းမြို့ရဲ့ တောင်ဘက် နှစ်မိုင်ကျော်လောက် အကွာ နန့်ပုတ်ရွာအရှေ့မှာ စည်ခေါင်းပိတ်စေတီ ရှိတယ်။ အဲဒီအနီးအပါးမှာ မြို့ဟောင်းတစ်ခု ရှိတယ်။ ဒါကို သိချင်ပါတယ်လို့ ၁ မတ်၊ ၁၉၇၈ က မိုးညှင်း အထက်တန်းကျောင်းအုပ်ကြီးဆီကို စာပို့တယ်။ အဲဒီပို့တဲ့စာကို သန်းအောင် (မိုးညှင်း)ဆိုတဲ့ စာရေးဆရာက ဟံသာဝတီနေ့စဉ်မှာ ၉ ဧပြီ၊ ၁၉၇၈ ရက်က "ရှေးမြို့တော်ဟောင်းစလွန်"ဆိုတဲ့ ခေါင်းစဉ်နဲ့ မှတ်ချက် ရေးပါတယ်။ အဲဒီမှတ်ချက်မှာ မိုးညှင်းအနားမှာ စလုံ (စလွန်မဟုတ်) မြို့ဟောင်းရာတစ်ခု ရှိပါတယ်။ လန်ဒန်ကင့် (KENT)ကုမ္ပဏီက ကျော့ ဒဗလျူဘာ့တ် (BIRD)ခေါ်တဲ့ ကျောင်းဆရာကြီးတစ်ယောက်ရဲ့ "မြန်မာ တစ်ခွင်"နာမည်နဲ့ စာအုပ် (WANDERINGS IN BURMA)ကြီး စာမျက်နှာ ၃၄၉ နဲ့ ၃၉၅ ကြားမှာ မြေပုံလည်းပါတယ်။ အဲဒီမှာ ဖော်ပြထားပုံက ...

အခု မိုးညှင်းအရှေ့တောင် သုံးမိုင်အကွာမှာ မူလနေရာ မြို့ဟောင်းရာ ရှိပါတယ်။ မြို့ရိုးတွေ၊ ကျုံးတွေကို အခုသွားကြည့်ရင် တွေ့နိုင်ပါသေးတယ်။

mgyoe.com

mgyee.com




မြို့ပုံက (အရှေ့အနောက် ပိုရှည်တဲ့) လေးထောင့်ပုံစံဖြစ်တယ်။ အရှေ့အနောက် (လေးမိုင်ခွဲ)၊ တောင်မြောက် ခြောက်ဖာလုံလောက် ရှိမှာပါ။ မြို့အရှေ့က လွယ်ရင်းတောင်က အပိတ်နံ့ရံသဘောရှိနေပြီး ဖြစ်ပါတယ်။ အနောက်နံရံက ဝတ်လယ်တော်ချောင်းအတိုင်း မြှောင်နေပါတယ်။ ဝတ်လယ်တော်ချောင်းနဲ့ နတ်ရင်းချောင်းဆုံဟာ မြို့ဟောင်းရဲ့ အနောက်မြောက်ထောင့်နဲ့ ကပ်လျက်ဖြစ်နေပါတယ်။ နန်းတော်ရာကို သတ်မှတ်နိုင်တဲ့အကွက်က မြို့အရှေ့မှာ။ မြို့အနောက်မှာတော့ (စည်ခေါင်းပိတ်)စေတီဖြစ်ပါတယ်။ ဘုရားတံတိုင်းက သိပ်မပျက်စီးသေးဘူး။ အတွင်းတံတိုင်းအလယ်က အရှေ့အနောက်တန်းလျက် လမ်းသဘောမြေမို့မို့က (နန်းတော်က ဘုရားသွားတဲ့)လမ်းမ ကုန်းရိုးဖြစ်မယ် ထင်ရပါတယ်။ တစ်မျိုးပြောရင် အရှေ့အနောက်ဖြတ်ပြီး စောင်းတန်းရှည်ရှည်က ဘုရားနဲ့ နန်းတော်ကို (မြို့အလျားလိုက်) ဆက်သွယ်ပေးထားတာ ဖြစ်ပါတယ်။ ဘုရားရင်ပြင်တော်က အုတ်အကောင်း တော်တော်များများ ရှိသေးတယ်။ အားလုံး အုတ်ခဲကြီးတွေကိုပဲ သုံးထားတယ်။ တောချုံက ပိတ်နေအောင် ကောင်းလှတယ်။ သေသေ

mgyee.com

mgyoe.com


ချာချာ ရှာကြည့်နိုင်မှ ဒါက တံတိုင်း၊ ဒါက ရင်ပြင်တော်စကြံဆိုတာ ခွဲသိမှာ ဖြစ်ပါတယ်။ ဘုရားကလည်း ပုဂံမှာလိုပဲ ပျက်နေပြီ။ ဂူဘုရားကျောင်းလို့ ထင်ရတာလည်း ရှိတယ်။ ဥစ္စာသိုက်သမားတွေကတော့ မြောက်ဘက်က စပြီး ဌာပနာတိုက်ဖြစ်မယ့် နေရာထိ တူးဖော်မွှေနှောက် ရှာပြီးကြပြီပေါ့။ ဌာပနာတိုက်အဖုံးလို့ ထင်ရတဲ့ ကျောက်ပြားက သဲကျောက်၊ အခုထိ စေတီရဲ့ အရှေ့ဘက်မှာ ရှိနေသေးတယ်။ ဒေသခံလူတွေကတော့ မြို့ဟောင်းကို စလုံလို့ ခေါ်မြဲ။ မဟာရာဇဝင်မှာတော့ ဒီလိုမဖော်ပြပါ။ (မိုးညှင်းစလုံလို့ တွဲပြီး အကြိမ်ကြိမ်ရေးပါတယ်။ သိုဟန်ဘွားတို့၊ မင်းကြီးရန်နောင်တို့ခေတ် ဖြစ်ပါတယ်။ မှန်၊ ဒု၊ ၁၉၅၇၊ ၁၂၄–၁၅၄)။

မြို့ကို ရှမ်းတွေက တည်တယ်။ ပုဂံခေတ်ထက် အများကြီးစောမှာ ဖြစ်ပါတယ်။ ခုတော့ တောကြီးမျက်မည်းဖြစ်နေပါပြီ။ စေ့စေ့စပ်စပ် ကြည့်နိုင်မှ မြင်မှာပါ။ ဝန်းကျင်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ မှတ်တမ်းပုရပိုက် ရှိဖူးပါတယ်။ သီပေါမင်းလက်ထက် မီးလောင်လို့ဆုံးပြီ။ ဆင်ဖြူနန်း ဆိုတာက မြို့ရဲ့ အနောက်တောင်ထောင့် မြို့ပြင်မှာ ရှိပါတယ်။ ရှေးရှေးက ဆင်ဖြူတော်ခုနစ်ကောင်၊ ဆင်မည်း အကောင်တစ်သောင်း ရှိခဲ့ဖူးတယ်။ သိပ်ကြီးမားတဲ့ ဆင်တပ်ကြီးရှိတယ်လို့ ဂုဏ်ယူပြောဆိုကြပါတယ်။

ရာဇဝင်စာအုပ်မှာ မိုးညှင်းစော်ဘွားလို့ တစ်ကြိမ်တစ်ခါသာ (မှန်၊ ၂၊ ၁၉၅၇၊ ၁၅၀)ရေးသားဖော်ပြလို့ မိုးညှင်းစလုံလို့ တွေ့တိုင်း မိုးညှင်းစော်ဘွားကို ဆိုလိုတယ်လို့ အထင်မှားနေကြတယ်။ အခု ပြန်စစ်ဆေးတဲ့ အခါ မိုးညှင်းမြို့ဟောင်းကို စလုံလို့ခေါ်တာ ဖြစ်တယ်။ မိုးညှင်းစလုံဟာ မြို့ဟောင်းမြို့သစ် တွဲခေါ်တဲ့နာမည် ဖြစ်ပါတယ်။

၂၀၀၃၊ ဩဂုတ်၊
ကလျာမဂ္ဂဇင်း။

▢

mgyoe.com

mgyoe.com

# ဟံသာဝတီ ပိဿနိုး

ဟံသာဝတီက အင်မတန်ရှေးကျတယ်ဆိုပေမဲ့ ရှေ့ပိုင်းအကြောင်း အရာတွေကို ပြောတိုင်း သိပ်မယုံရဘူး။ ဒါပေမဲ့ ဟံသာဝတီဆိုတာ မွန်ဒေသရဲ့ ခေါင်းဆောင်ဒေသဖြစ်တယ်။ ပုဂံ ခရစ်သက္ကရာဇ် တစ်ဆယ့်တစ်ရာစုနှစ်က ဇရပ်တွေ၊ တန်ဆောင်းတွေရဲ့နံရံမှာ စာတမ်းတွေရေးတော့ အားလုံး မွန် ဘာသာနဲ့ ရေးထားတယ်။ အဲဒါလို အံ့ဩစရာတွေ့ထားတာကို ဘယ်သူမှ အတိအကျ ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ မပြောနိုင်ပါ။ ပြီးတော့ ပုဂံက မွန်နဲ့ ဆက်ဆံရေးလုပ်တဲ့အခါ သထုံကိုပဲ အသိအမှတ်ပြုတယ်။ သထုံက မွန် အချက်အချာဒေသဖြစ်နေတယ်။ နောက်တစ်ချက် သတိထားရတဲ့ အကြောင်းက မွန်က ဗုဒ္ဓသာသနာကို စောစောကပဲ ရနှင့်တယ်။ မြန်မာက အရည်းကြီးပဲ ရှိတယ်ဆိုတဲ့ အချက်ကလည်း မစစ်ဆေးဘဲ ပြောတိုင်း ယုံနေကြတာက ခက်တယ်။ မြန်မာရယ်လို့မပေါ်ခင် ရှေးနှစ်ပေါင်းများစွာကပဲ ပျူတွေ၊ မွန်တွေ၊ ရှမ်းတွေက ဗုဒ္ဓသာသနာဝင်တွေ ဖြစ်နေကြတာကို ငြင်းလို့ မရပါ။ မြန်မာနိုင်ငံထဲရောက်အောင် မြန်မာတွေ အဆင့်ဆင့်ရွှေ့လာတဲ့ နေရာတွေမှာ ဗုဒ္ဓသာသနာ ထွန်းကားနေပြီ။ အဲဒါကို ရှင်အရဟံနဲ့ အနော်ရထာ မင်းစောတွေ့မှ ဗုဒ္ဓသာသနာကို ကူးပြောင်းကြတယ်ဆိုတာကလည်း မဆင်

mgyoe.com


မခြင် ပြောတာပဲလို့ ထင်တယ်။ စောစောက ပြောခဲ့သလို ပုဂံမှာရှိတဲ့ ဂူ၊ ဘုရား၊ ကျောင်း၊ နံရံတွေမှာ မွန်လို စာတွေရေးတဲ့အခါက မွန်ဒေသမှာ သာသနိက အဆောက်အအုံ မရှိတာလည်း ဆန်းတယ်။ ရှိရမယ်။ သို့မဟုတ် ရှိခဲ့ဖူးရမယ်။ သောနနဲ့ ဥတ္တရဇာတ်လမ်းကလည်း သက်သက်ထွင်တာဖြစ်မယ်။ ဘာပြုလို့လဲဆိုတော့ အသောက ဗုဒ္ဓသာသနာပြုတယ်ဆိုတာ အခု ကုလားပြည်တွင်း အိန္ဒိယအနောက်မြောက်နဲ့ အိန္ဒိယတောင်ပိုင်းကို သာသနာပြု လွှတ်တာဖြစ်မယ်။ အိန္ဒိယအပြင်ကို မရောက်ပါ။ အသောကတည်တယ်ဆိုတဲ့ ဘုရား ၈၄၀၀၀ ထဲမှာ ဒီဘုရားလည်းပါမှာပဲဆိုပြီး ဖွတ်ပြောနေတာ မဟုတ်ပါ။ အသောကမင်းရဲ့ ကျောက်စာတိုင် ၁၃ တိုင်မှာ သာသနာပြု စေလွှတ်တဲ့နေရာတွေရဲ့ နာမည်စာရင်းပါတယ်။ သုနာပရန္တ တမ္ဗဒီပဆိုပြီး မြန်မာတွေက ဧရာဝတီမြစ်ကို စစ်ကိုင်း၊ ပခုက္ကူက အရှေ့အနောက်ဖြတ်ပြီး မြစ်ကြီးရဲ့မြောက်ကို သုနာပရန္တ၊ တောင်ကို တမ္ဗဒီပ ခေါ်တယ်လို့ ပြောတာလည်း ယုတ္တိမရှိပါ။ မြန်မာက ပစ္စန္တရာဇ် ဖြစ်ပါတယ်။ ရဟန်းခံတဲ့အခါ မဇ္ဈိမမှာ ရဟန်းဆယ်ပါး၊ ပစ္စန္တရာဇ်မှာ ငါးပါးက ရဟန်းလောင်းကို စစ်ဆေး လက်ခံတယ်။ ခုထိ မြန်မာမှာ ငါးဦးကော်မတီကပဲ လက်ခံနေပါတယ်။ တစ်ခုပဲ မြန်မာတွေအထူးပြုပြီး ဂုဏ်ယူစရာက ဒီမှာ ပဋ္ဌမနဲ့ ဆဋ္ဌမသင်္ဂါယနာတင် ဖြစ်တာပဲ ဖြစ်ပါတယ်။ ပြီးတော့ အခုအခါမှာ မြန်မာမှာ ဗုဒ္ဓသာသနာ အင်မတန်ထွန်းကားနေတာ မှန်ပါတယ်။ အဲဒါရဲ့ အရင်းမူလကတော့ ဟံသာဝတီပိဿနိုး ဖြစ်ပါတယ်။

၂၀၀၃၊ အောက်တိုဘာ၊

ကလျာမဂ္ဂဇင်း။

□

mgyoe.com



# ကက္ကူဘုရားတော်

သစ်ပင်တွေအများကြီးရှိလို့ သစ်တောခေါ်ကြတာကြောင့် စေတီငယ်တွေ အများကြီး (သုံးထောင်နီးပါးရှိတဲ့) တောင်ကြီး၊ အနောက် ၂၆ မိုင်မှာ ရှိတဲ့ နေရာတစ်ခုကို ဘုရားတောလို့ခေါ်လိုက်ပါတယ်။ အစုစုစေတီငယ်တွေ ၂၄၇၈ ဆူရှိတယ်။ ဒကာတစ်ဦးဦးက တစ်ချိန်တည်း တစ်နေရာတည်းမှာ ၁၀ ပေ၊ ၁၂ ပေ တွင်း မြေပေါက် အုတ်အင်္ဂတေ စေတီငယ်လေးတွေကို တည်ထားခဲ့တာ မဟုတ်ပေမယ့် ဒကာသိပ်မများဘူး၊ နှစ်သိပ်မကြာဘူး။ ခရစ်နှစ် ၁၈၀၀ ဝန်းကျင်က တည်ထားခဲ့တာဖြစ်မယ်လို့ လက်ရာတွေကို ကြည့်ပြီး မှန်းဆရပါတယ်။ စေတီဟာ ကိုးကွယ်ဆည်းကပ်ရာနေရာလို့ သတ်မှတ်ရင် ဇော်ဘွားတို့၊ ဒေသဆိုင်ရာခေါင်းဆောင်တစ်ဦးက စေတနာ ထက်သန်တဲ့ ကုသိုလ်ရှင်တွေ နည်းနည်းစုပြီး တစ်ဆူတည်း၊ တစ်ဆောင် တည်း ကြီးကြီး၊ ခန့်ခန့်တည်ဖို့ မကောင်းဘူးလားလို့ နိုင်ငံခြားဧည့်သည်က မေးတော့ ကျွန်တော်မဖြေတတ်ပါ။ ကုသိုလ်ပြုတဲ့အခါ စုပေါင်းဆောင်ရွက် တာထက် သံသရာကထွက်ဖို့ တစ်ဦးချင်း ကြိုးစားဆောင်ရွက်ရတယ်ဆိုတဲ့ အစွဲအလမ်းကြောင့် လင်တစ်ဆူ မယားတစ်ဆူ၊ အဖေတစ်ဆူ သားတစ်ဆူ၊ တည်လေသလားလို့ တွေးစရာရှိပါတယ်။ မင်းကြီးရဲ့အပေါ်မှာ အမျိုးအမတ်

mgyoe.com

mgyoe.com


လက်သုံးတော်တွေ ရံနေသလို စေတီငယ်တွေဟာ ရွှေတိဂုံရဲ့ရံရွှေတော်တွေ ဖြစ်လေမလားလို့ နိုင်ငံခြားဧည့်သည်တွေက တွေးတာမျိုးလည်း ဖြစ်နိုင်စရာ ရှိပါတယ်။ အခု အပေါ်မှာပြောခဲ့သလို စေတီအစုစု ၂၄၇၈ မှာ ဘယ်စေတီက ဗိုလ်လဲလို့တော့ မပြောတတ်ပါ။

စေတီတွေရဲ့ ဗိသုကာလက်ရာကို ကြည့်ရင် ၁၈၀၀ ဝန်းကျင်က ဖြစ်မယ်။ ကုန်းဘောင်ခေတ် တတိယမင်း (ဘိုးတော်ဘုရား)ခေတ်ဖြစ်ဖို့ များတယ်။ ခရစ် ၁၈၀၀ ဆိုတော့ အစု ၂၀၀၀ အထိ နှစ်နှစ်ရာအတွင်း တဖြည်းဖြည်းများလာတာလည်း မဟုတ်ပါ။ ၁၈၀၀ ကပဲ အပြိုင်အဆိုင် နေ့ချင်းပြီး ဘုရားတည်ခဲ့ကြသလားလို့ တွေးတဲ့လူက တွေးပါတယ်။ ပျူခေတ် (အရင်နှစ်တစ်ထောင့်ခြောက်ရာလောက်ကပဲ) ကုသိုလ်ရှင်နာမည်ကို ရေးတဲ့အလေ့ရှိပေမဲ့ အခုအရင်အနှစ် ၂၀၀ လောက်က ဘယ်သူတွေ ဘာကြောင့် တည်ထားခဲ့တယ်ဆိုတာ မသိရလို့ အံ့သြစရာ ဖြစ်ပါတယ်။ အရင် အနှစ် ၂၀၀ ဆိုတာက ဆက်တွဲမှန်းဆနည်း (Relative Dating) အရ ပြောရတာဖြစ်ပါတယ်။ ဒေသခံတွေကတော့ အသောကလက်ထက် ကလို့ ပြောမှာပါ။ တကယ်ကတော့ ပဒုံမင်းလက်ထက် ၁၇၈၅–၁၈၁၉ ဝန်းကျင်က ဖြစ်မှာပါ။

လူအများစုပြီး စေတီကြီးကြီး မတည်သင့်ဘူးလားလို့ နိုင်ငံခြားဧည့်သည်တွေက မေးတတ်ပါတယ်။ ရှင်ဘုရင်မှာ အမတ်ကြီး၊ အမတ်ငယ်တွေ ရံနေသလို စေတီလေးတွေက ရွှေတိဂုံရဲ့ အခြွေအရံတွေလားလို့ မေးတတ်ပါ တယ်။ ဂုဏ်အရည်အချင်းက တူပါတယ်။ ငယ်တာကြီးတာက ဒါယကာရဲ့ ငွေကြေးအင်အားကို လိုက်လို့ဖြစ်တာပါလို့ ဖြေရပါတယ်။ ဟုတ်မဟုတ် မသေချာပါ။

ရင်ပြင်တော်ပေါ်မှာတွေ့ရတဲ့ ကြေးခေါင်းလောင်းမှာ ၁၇၉၃ ခုလို့ ရက်စွဲတွေ့တယ်။ ဒါဟာ အစောဆုံးမှတ်တမ်း ဖြစ်မယ်ထင်ပါတယ်။

ပေစာတစ်ခုအရ ဒီဘုရားစုကို ကက္ကူမွေတော်လို့ ခေါ်တယ်။ ပုဂံက ကုလားကျောင်းခံပြီး တည်ဆောက်တဲ့ ရွှေဂူကြီးဘုရားမျိုး ဖြစ်တယ်။ တကယ်လည်း ရွှေဂူကြီးလို့ခေါ်တာကို ၁၇၉၃ ရက်စွဲပါ ခေါင်းလောင်းမှာ တွေ့ရတယ်။ ၁၅ ဖေဖော်ဝါရီ၊ ၁၈၀၂ က စေတီမှာ ထီးတင်တယ်။ ဒါကို

mgyoe.com

mgyoe.com

စည်သူလို မင်းတွေတည်ခဲ့ဟာ ဖြစ်မယ်လို့ ပြောကြတယ်။ ဘုရားတည် ဆောက်ပုံနဲ့ သုံးစွဲတဲ့ပစ္စည်းကို လေ့လာပြီး သိပ္ပံနည်းကျပြောတာမျိုး မဟုတ်ပါ။ ထောက်စရာ ငဲ့စရာတွေကို အကွက်ချပြီး ဆင်ခြင် (STUDIED GUESS)မယ်ဆိုရင် ခရစ်နှစ် ၁၈၀၀ ဝန်းကျင်က လက်ရာတွေဖြစ်ဖို့ များတယ်။ ရက်စွဲခန့်မှန်းတဲ့အခါ ရှေ့ရောက်အောင် ရေတာထက် နည်းနည်းလျှော့တွက်တာက ပိုပြီးစိတ်ချရတယ်လို့ ယူဆမယ်ဆိုရင် ခရစ်နှစ် တစ်ဆယ့်ကိုးရာစုနှစ် နှောင်းကာလဖြစ်မယ်။ ဒီလိုဆိုရင် ဒီစေတီစုဟာ သိပ်မကြာသေးမီက လုပ်တဲ့ ကုသိုလ်တော်တွေဖြစ်ပြီး မှတ်တမ်းအသေအချာ မရှိတာကို အံ့သြစရာဖြစ်ပါတယ်။ တပေါင်းလပြည့်ဟာ နှစ်စဉ် ဘုရားပွဲကျင်းပတဲ့နေ့ဖြစ်တယ်။ အင်္ဂလိပ်ခေတ်က ဂေဇက်ဝင်ဘုရားပွဲဖြစ်တယ်။ ဂေဇက်ဝင်ဖြစ်ရတဲ့အကျိုးက ဘုရားပွဲရက်မှာ ရထားခ မီးသဘော်ခ လျှော့ပေးတတ်ပါတယ်။ ဘုရားပွဲထုံးစံ ဒေသခံပစ္စည်းတွေရောင်းပြီး နိုင်ငံခြားပစ္စည်းတွေ ဝယ်ကြပါတယ်။ ဒီလို ဈေးပွဲကြီး (TRADE PAIR)ကို အခုခေတ်အထိ အားပေးရက်ရှိကြပါသေးတယ်။

၂၀၀၃၊ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း

❐

mgyoe.com

mgyoe.com

# ကက္ကူဘုရား နှစ်ထောင်ကျော်

တောင်ကြီးက အနောက် ၂၆ မိုင်လို့ပြောတဲ့ ကက္ကူကိုရောက်တဲ့အခါ ဘုရားတောလို့ ပြောလောက်အောင် ဘုရား ၂,၄၇၈ ဆူကို တွေ့ရပါတယ်။ ကက္ကူဆိုတဲ့ နာမည်ကတော့ ဈေးရောင်းရာ စခန်းတစ်ခုလို့ပဲ ပြောနိုင်မယ်။ ဥပမာ ငါးရက်တစ်ဈေးသဘော ဖြစ်တယ်။ ဒီနေရာရဲ့ အရေးပါပုံဟာ ဘယ်က စသလဲမေးရင် ပြောမြဲ အသောကနဲ့ အလောင်းစည်သူ ပါရပါတယ်။ ဒီလို စ,မပြောရင် သူတို့စကားကို ယုံမယ့်သူရှိမှာမဟုတ်လို့ ထင်ပါတယ်။ အဲဒါပြောပြီး ချက်ချင်းပဲ ၁၇၈၅–၁၈၁၉ ပဒုံမင်းလက်ထက် ရောက်သွားပါတယ်။ ကုန်းတော်ပေါ်က စေတီက ရွှေဂူကြီးဖြစ်ပါတယ်။ ခရစ်နှစ် ၁၇၉၃ ရက်စွဲနဲ့ ကြေးခေါင်းလောင်းရှိတယ်။ ၁၇ နိုဝင်ဘာ၊ ၂၀၀၂ ရက်စွဲနဲ့ မှတ်စာ တစ်ခုမှာ–

* ကက္ကူမွေတော်အကြောင်း
  ပဒုံမင်း (၁၇၈၅–၁၈၁၉)လက်ထက် ပေစာရှိတယ်။
* ၁၇၉၃ ခေါင်းလောင်းစာမှာ
  ကုန်းတော်ပေါ်က စေတီကို ရွှေဂူကြီးလို့ခေါ်တယ်။
* ၁၅ ဖေဖော်ဝါရီ၊ ၁၈၀၂ က စေတီကြီးမှာ ထီးတင်တယ်။

mgyoe.com

mgyoe.com

* ထတီစု အလယ်မှာ ၁၈၉၃ ခေါင်းလောင်းက ကဏ္ဍူမွေတော် ခေါ်တယ်။
* စေတီတွေက ဉာဏ်တော်အမြင့်မှာ ၁၀ ပေဝန်းကျင် ဖြစ်ပါတယ်။
* ရှေးအကျဆုံး ထီးဆည်းလည်းစာမှာ ၃ ဖူလိုင်၊ ၁၈၀၂ ရက်စွဲ ရှိတယ်။
* စေတီအစုစု ဖေဖော်ဝါရီ ၂၀၀၁ ရေတွက်ရာမှာ ၂,၄၇၈ ဆူ ရှိတယ်။

ဘုရားပေါင်း များစွာ တည်တဲ့ အသောက သို့မဟုတ် အလောင်းစည်သူ တည်တဲ့ ဘုရားတွေလို့ ပြောကြပေမဲ့ ခရစ်နှစ် ၁၈၀၀ ဝန်းကျင်က တည်တဲ့ ဘုရားတွေဖြစ်မယ်။ လက်ရာတွေကြည့်ပြီး ဒါလောက်စောချင်မှ စောမယ်။ ဒီလိုဆိုရင် အင်္ဂလိပ်ရောက်စလို့ ပြောပါ။ နေ့ချင်းကြီးတည်တဲ့ ဘုရားမျိုး ဖြစ်နိုင်တယ်လို့ စဉ်းစားတဲ့လူလည်း ရှိတယ်။ သိပ်မကြာသေးမီက လုပ်တဲ့ ကုသိုလ်တော်တွေဖြစ်ပြီး မှတ်တမ်းအသေအချာမရှိတာကို အံ့သြစရာ ဖြစ်ပါတယ်။ တပေါင်းလပြည့်ဟာ နှစ်စဉ် ဘုရားပွဲနေ့ဖြစ်ပါတယ်။

၂၀၀၃၊ ဒီဇင်ဘာ၊

ကလျာမဏ္ဍဇင်း။

❒

mgyoe.com

mgyoe.com

## ဂျူကု
### အလွတ်ပညာသင်ဖြည့်စွက်ကျောင်း

ဥျန်ကျန် (Jun-Chan)ဟာ ညနေပိုင်းမှာ ခွေးနဲ့ကစားရင်း၊ ကျွန်တော်တို့ အုတ်တံတိုင်းနံရံကို ဘောလုံးနဲ့ပစ်ပြီး ဘောလုံးပစ်လေ့ကျင့်ခန်းလုပ်တယ်။ သူက ကျောင်းမှာ ဆဋ္ဌမဆင့်ရောက်နေပြီ။ လာနေကျအတိုင်း မရောက်လာတော့၊ ကျောင်းထုံးစံ အချိန်ပြီးတဲ့အခါ ဂျူကု (juku)တစ်မျိုးမျိုးကို တက်နေရပြီလို့ သိလိုက်ပါတယ်။ နွေဦးပေါက် ကျောင်းအားရက်ရောက်တော့ ဒီကလေး ပြန်ပေါ်လာပြန်တယ်။ လက်ထဲမှာ လက်အိတ်နဲ့ ဘောလုံးပါတယ်။ အနီးအနားမှာရှိတဲ့ ဂျူကုတစ်ကျောင်းမှာ သူက သီတင်းတစ်ပတ်မှာ သုံးရက်တက်ရတယ်။ ကျောင်းသင်ခန်းစာထဲကပဲ သင်္ချာ၊ ဘာသာစကားနဲ့ လူမှုရေးဘာသာတွေမှာ အထောက်အကူရအောင် အထူးသင်တန်း တက်နေရပါတယ်တဲ့။ တနင်္ဂနွေနေ့ဆိုရင် တိုကျိုမြို့ထဲက ရှင်ဂကု–ဂျူကု (shingaku-juku)ခေါ်တဲ့ ကတော့သွင်းကျောင်း (cram school) [စားစရာကို အချိန်တိုအတွင်း အများကြီးဝင်အောင် ပါးစပ်မှာ ကတော့တပ်ပြီး အတင်းသွင်းပေးသလို ရက်တိုတိုနဲ့ သင်ရိုးကုန်အောင် အတင်းတွန်းသင်ပေးတဲ့ ကျောင်း]ကို တက်ရသေးတယ်။ သူ့လိုကျောင်းသား နှစ်ထောင်ရှိတယ်။ အားလုံးပဲ သူတို့တစ်တွေ စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့အောင်ပြီး ဂုဏ်သတင်းကြီးတဲ့ကျောင်းကို ဝင်ခွင့်ရဖို့ ပြိုင်ကြမှာဖြစ်တယ်။ ဘယ်လို

mgyoe.com